မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၅)

၁၃၈၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ အင်္ဂါနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ သို့ရောက်ရှိရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူမောင်မယ်လေးများနှင့် ကျန်းမာရေးဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတ က

စာမျက်နှာ ၁၆ ကော်လံ ၁ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ စနစ်တကျလက်ဆေးခြင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိုင်းနိုင်ငံနှင့်မလေးရှားကမ္ဘာလှည့်ခရီးသွားဓာတ်ပုံပညာရှင်များ မြန်မာ့ကျေးလက်သဘာဝများ မှတ်တမ်းဓာတ်ပုံရိုက်လျက်ရှိ

စာ - ၁၀ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက်ဂါရဝပြုတွေ့ဆုံ

စာ - ၅ သို့

## MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏(၂/၂၀၂၄) အစည်းအဝေးမှသိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

စာ - ၆ သို့

### ဆောင်းပါး

## နိုင်ငံ့အနာဂတ်ကို ထုဆစ်ပုံဖော်မည့် လူငယ်တို့၏ခွန်အား

စာ - ၇ သို့

## ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးမှ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

စာ - ၁၃ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်)

# အစိုးရ ပြည်သူစုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားခြင်း

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်တောတောင်လျှိုမြောင်ပေါများသည့်နိုင်ငံဖြစ်သည့်အတွက် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်နီးပါးကြုံတွေ့နေရသည်။ ရာသီဥတုဖောက်ပြန်ကာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံ၏နေရာဒေသအချို့တွင် ရေကြီးရေလျှံမှုကြုံတွေ့ရလျက်ရှိသည်။ မြစ်ချောင်းနှင့်နီးသည့်မြို့ရွာများတွင် ဖြစ်တတ်သကဲ့သို့ တောင်တန်းအနီးရှိမြို့ရွာများတွင်လည်း ဖြစ်ပေါ်တတ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ဇူလိုင်လ ၃၀ ရက် ညပိုင်းမှစ၍ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များစုပေါင်း၍ အင်တိုက်အားတိုက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်နေရာများသို့ ပို့ဆောင်နေရာချထားပေးပြီးဖြစ်သည်။ ထို့အတူ ငဝန်မြစ်ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် တမံရေတိုက်စားမှုကာကွယ်ခြင်းနှင့်ရေနက်ရေစီးကြောင်းပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှုလျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့် ရေလွှဲ ရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင်လျှောစောက်အား Geo Texileအစများ၊ Geo Bag များဖြင့် ကာကွယ်ခြင်း၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့်ချခြင်း၊ ရေစီးလမ်းကြောင်း တားဆီးနိုင်ရေး Steel Sheet Pile ရိုက်ခြင်း စသည့်လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူပေါင်းစပ်ညှိနှိုင်းအရှိန်အဟုန်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်အတွင်းရှိရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားစဉ် **"ရေဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက်မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ကျောင်းပြန်လည်တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင် မည်ဖြစ်သည့်အတွက် ပညာရေးကိုအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏ အခက်အခဲများလျော့ပါးသက်သာစေရေးနှင့်မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် တတ်နိုင်သမျှကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့်၊ အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကိုဒေသတွင်းရှိ အခြေခံကောင်းများအား အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန်လိုသည်။ ထိုသို့ကျော်လွှားနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းများ များစွာလုပ်ဆောင်ရမည်ဖြစ်သည်။ ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သည့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မစနစ်တကျစိုက်ပျိုးကြရမည်ဖြစ်သည်။

မြန်မာတို့သည် စိတ်ရင်းစေတနာကောင်းရှိသူများ၊ တစ်ဦးအခက်အခဲဖြစ်ချိန်တွင် တစ်ဦးက ကူညီတတ်သူများဖြစ်ကြသည့်အလျောက် နိုင်ငံတော်နှင့်အတူ အလှူရှင်များကလည်း စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိရာ ဩဂုတ်လ ၈ ရက်ကပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ရရှိခဲ့သည်။ သဘာဝဘေးဒဏ်ခံရသူများ အားမငယ်စေရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်သွားရောက်တွေ့ဆုံအားပေးပြီး လိုအပ်သည်များပံ့ပိုးပေးလျက်ရှိပေရာ အစိုးရ၊ ပြည်သူ စုပေါင်းအားဖြင့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။

# စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၂၄၃၃၀ စိုက်ပျိုးရန်အတွက်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၆၁၅၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကိုနည်းပညာတွေပေးတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ကိုင်းမြို့နယ်၌ နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# မြိတ်မြို့နယ် ကြက်ခြေနီအသင်းမှ အခမဲ့ရွေ့လျားဆေးကုခန်းဖြင့် ကွင်းဆင်းကုသ

မြိတ် ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ရာပြည့်(၂)လမ်း ဓမ္မာရုံ၌ ဩဂုတ်လ ၉ ရက်တွင် ဒေသခံပြည်သူများအား မြိတ်မြို့နယ်ကြက်ခြေနီအသင်းမှအခမဲ့ရွေ့လျားဆေးကုခန်း(Mobile Clinic)ဖြင့် ကွင်းဆင်းကုသပေးကြောင်း သိရသည်။

ထိုသို့ကုသပေးရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြိတ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ မြိတ်မြို့နယ် ကြက်ခြေနီ အသင်းခွဲမှ ဆရာဝန်များ ကြက်ခြေနီစေတနာလုပ်အားရှင် ၂၀ ဦးနှင့် မြိတ်တောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ သူနာပြုဆရာမများက အခမဲ့ရွေ့လျားဆေးကုခန်း(Mobile Clinic)ဖြင့် ကုသပေးရာ လာရောက်ပြသသူ လူနာအမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၈၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် | ၁၀။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာ သူ့ရဲကောင်းများ |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၁။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက် |
| ၃။ | ၀၇:၀၅ | နပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၂။ | ၁၄:၁၅ | Sharing Knowledge |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၃။ | ၁၄:၃၀ | အဟောင်းထဲမှ အကောင်းဆုံး တေးသီချင်းကဏ္ဍ |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၉:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၇)** |
| ၆။ | ၀၉:၃၀ | ကျန်းမာသုတ | | | |
| ၇။ | ၀၉:၅၀ | သီချင်းလက်ဆောင် | | | |
| ၈။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၅။ | ည ၈ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| ၉။ | ၁၂:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၆။ | | မိုးလေဝသသတင်း |

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၆၇-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၆ သင်းဖြင့် ဩဂုတ်လ ၁၄ ရက်နေ့ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ၌ မော်ဘီတပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် မော်ဘီတပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ်လ ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အဆိုးရွားဆုံးပုံစံခိုင်းစေခံရသည့် ကလေးအလုပ်သမားများတွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line Phone No. 1566 သို့ ဆက်သွယ်သတင်းပို့ရမည်

နေပြည်တော် ဩဂုတ် ၁၀

အဆိုးရွားဆုံးပုံစံ ခိုင်းစေခံရသည့် ကလေးအလုပ်သမားများတွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line Phone No. 1566 သို့ သတင်းပို့ရန်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကလေးအား အကောင်းဆုံးအကျိုးစီးပွားရရှိရေးဆောင်ရွက်ပေးရန်၊ ကလေးသူငယ်များအပေါ် ပုံစံအမျိုးမျိုးဖြင့်အသုံးချမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများမရှိစေရေး ကာကွယ်တားဆီးမှုများဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏လုပ်ငန်းကော်မတီ တစ်ရပ်ဖြစ်သော အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က တိုက်တွန်းပြောကြားသည်။

ထို့ပြင် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာအရ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးအလုပ်သမားများကို တိုင်းဒေသကြီး၊ ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ လူမှုဖြစ်ရပ်စီမံခန့်ခွဲသူများက လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ ကွင်းဆင်းမှုများပြုလုပ်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များနှင့် ပြည်သူတစ်ဦးချင်းစီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ကလေးအလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာခြင်းဖြင့် ကလေးအလုပ်သမားများ၏ အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းလည်း ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာသူများက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမသုံးလပတ် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း CMP စနစ်ဖြင့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်းရှိ အဆင့်မြင့်နည်းပညာသုံး စက်ရုံများ၊ Burst Transmission Co.,Ltd ၌ CMP စနစ်ဖြင့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားမှု၊ စက်ရုံများ လည်ပတ်နေမှုနှင့် လမ်းတည်ဆောက်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း သစ်ပင်များ စိုက်ပျိုးပြီးစီးမှု၊ စက်မှုဇုန်တွင် စက်ရုံများလုပ်ငန်းလည်ပတ်နေမှု၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ စက်မှုမြေကွက်များအတွင်း လမ်းအသစ်ဖောက်လုပ်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအစည်းအဝေးခန်းမသို့ ရောက်ရှိရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းများဆောင်ရွက်ခြင်းမပြုရန်၊ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် မန္တလေး-လားရှိုးလမ်းမကြီးမှ ဇဟိုမီးသတ်သင်တန်းကျောင်းအဝင်လမ်း လမ်းသစ်ဖောက်လုပ်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများသတ်မှတ်ကာလအတွင်းပြီးစီးရေး၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးဝဲ/ယာ၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိရေး မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ရေဝတီမြစ်ရေ ပခုက္ကူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# (၁၀-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၄,၁၂၄,၉၁၈.၉၄ | ၉၈၇,၅၂၈.၅၀ | ၆,၃၄၀,၇၁၂.၃၁ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုပ်ပိုးမှုပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်





## အလုပ်သမားဝန်ကြီးဌာန၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက တိုက်တွန်းပြောကြားလိုက်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဝန်ထမ်းများအနေဖြင့် အခမ်းအနားမှ ရရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်ဗဟုသုတများကို ပြန်လည်မျှဝေပေးကြရန်နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ကစပြီး အဂတိလိုက်စားမှု၌ မပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွန့်ခေါင်းဆောင်၍ အလုပ်သမားဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၈) နှင့်အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅)သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲနှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၅)၏ သင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ သက်ဆိုင်ရာခန်းမများ၌ ကျင်းပရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၅ ဦး၊ စုစုပေါင်း ၂၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ(၈)ပတ် နှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၃၈၂ ဦး၊ စုစုပေါင်း ၄၇၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ(၅)ပတ်ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်စစ်ရေးပြကွင်းအတွင်း အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၆)၏ စစ်ရေးပြလေ့ကျင့်နေမှုကိုလည်းကောင်း၊ သင်တန်းခန်းမအသီးသီး၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ သင်ခန်းစာပို့ချနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ ပညာရပ်အဖွဲ့နှင့်တွေ့ဆုံ၍ ပညာဌာနများမှ သင်တန်းအလိုက် ပို့ချသည့်ဘာသာရပ်ဆိုင်ရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အင်ကြင်းဆောင်ရှိ သင်တန်းအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၅)မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူသုံးဆောင်ခဲ့သည်။

မြဝတီ



## ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင် မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ်တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ်တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ETC စနစ်ကိုလည်း RFID (Radio Frequency Identification Device)ပါဝင်သည့် စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ အသုံးပြုသူများအနေဖြင့် Toll Pass Mobile Application နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ရန်ကုန် – မန္တလေးလမ်းမကြီးပေါ်ရှိ တိုးဂိတ် (၆)ဂိတ်တွင် တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

အဆိုအပါ Toll Pass RFID စနစ်ပြီးစီးပါက မော်တော်ယာဉ်များ တိုးဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Freeflow ဖြတ်သန်းနိုင်ခြင်း၊ အချက်အလက်များ ပိုမိုတိကျမှန်ကန်စွာ စုဆောင်းနိုင်ပြီး ငွေသားဖြင့်ပေးဆောင်ရန် မလိုအပ်တော့သဖြင့် လေလွင့်ဆုံးရှုံးမှုများ ပပျောက်ကာ Cashless စနစ်သို့ ပြောင်းလဲနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။



ယမန်နေ့နံနက်ပိုင်းက ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ နေပြည်တော်တိုးဂိတ်၌ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသော ခရီးသည်တင် မှန်လုံယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် စည်းကမ်းတကျမောင်းနှင်စေရေးအတွက် Telematic စနစ်တပ်ဆင်ထားပြီး မော်တော်ယာဉ်များကို စောင့်ကြည့်ထိန်းသိမ်းခြင်း အခြေအနေ၊ ယခင်အသုံးပြုနေသည့် Electronic Toll Collection (ETC) စနစ်ကိုလည်း RFID (Radio Frequency Identification Device) စနစ်ဖြင့် လမ်းအသုံးပြုခပေးချေသည့် စနစ်သို့အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် – ရန်ကုန် လမ်းပိုင်း)ရှိ တိုးဂိတ် (၃)ဂိတ်တွင် တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်မှုအခြေအနေနှင့် ၁၁၅ မိုင် (ဖြူး)တိုးဂိတ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၀

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၅) ကို သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၂၄ ဦး စုစုပေါင်း ၄၇၂ ဦးဖြင့် ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရတနာသိဃ်ခန်းမ၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) ဦးစိုးတင့်က အမှာစကားပြောကြားသည်။

သင်တန်းကို ဩဂုတ်လ ၁၀ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ ရက်သတ္တ (၅) ပတ်ကြာဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရန် ပြင်ဆင်ထားရှိမှု၊ စိုက်ပျိုးထားသော ရာသီသီးနှံစိုက်ခင်း၊ မှိုစိုက်ခင်းနှင့်မွေးမြူရေးခြံများ၊ သင်တန်းပို့ချနေမှု များနှင့် သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၀˚c |
| မန္တလေး | ၂၅˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် ငလျင်ဘေးဒဏ်ခံနိုင်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်းဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချပေးနိုင်ရေး နိပ္ပွန်ဖောင်ဒေးရှင်းမှကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

PPIB News

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်၊ လွိုင်လင်လေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက်၌ ပြုလုပ်ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်တို့ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ဆရာတော်များထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက လှူဒါန်းသောဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်မှဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၃၄၉ သိန်း ၈ သောင်း ၂ ထောင်ကျပ်၊ ဆန် ၁၀၉၉ အိတ်၊ ဆီ ၃၇၃ ပိဿာ၊ ဆား ၃၀၃၀ ပိဿာ၊ ပဲ ၃၀၃၀ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၆၂၆ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ ၂ ခြင်းတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ချင်းတွင်းမြစ်ရေ၊ သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၀

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေခန့်တွင်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ရပ်စောက်မြို့နှင့် ကလောမြို့အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ရေဘေးသင့်ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေ ရေကြီးရေလျှံဖြစ်ပွားပြီး ဇော်ဂျီရပ်ကွက်၊ ဥတ္တံတားရပ်ကွက်နှင့် ကလောမြို့၊ ကလောချောင်းရေ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် အမှတ်(၂/၃/၄) ရပ်ကွက်များအတွင်း အနိမ့်ပိုင်းနေအိမ်များသို့ ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ၎င်းရပ်ကွက်အတွင်းမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကယ်ဆယ်ရေးလှေများ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရပ်စောက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဇော်ဂျီအားကစားခန်းမနှင့်ဥတ္တံတားဓမ္မာရုံသို့လည်းကောင်း၊ ကလောမြို့၊ ရေဘေးသင့်ပြည်သူများအား အမှတ်(၅) ရပ်ကွက်၊ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ပြောင်းရွှေ့ပေးပြီး ရေဘေးသင့်ပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ဒေသခံ ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးစဉ်။

# နိုင်ငံ့အနာဂတ်ကို ထုဆစ်ပုံဖော်မည့် လူငယ်တို့၏ခွန်အား

ဆုလတ်မေ

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်တိုးတက်ရေးနှင့် ကံကြမ္မာသည် ထိုနိုင်ငံရှိ လူငယ်များ၏အရည်အချင်း၊ စိတ်ဓာတ်နှင့် ကြိုးစားအားထုတ်မှု အပေါ်တွင် တိုက်ရိုက်မူတည်နေသည်။ သစ်ပင်တစ်ပင်ရှင်သန်ကြီးထွားစေရေး အမြစ်ခိုင်မာစေရန်လိုအပ်သကဲ့သို့ တိုင်းပြည်တစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များ အရည်အချင်းပြည့်ဝနေရန် လိုအပ်လှသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ရာ နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ မတူကွဲပြားသောရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းသမိုင်းကြောင်းအသီးသီးတို့ရှိခဲ့သည့်အပြင် လူမှုဘဝနေထိုင်မှုပုံစံတူညီသော ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်သည်။ ထိုပြည်ထောင်စုနိုင်ငံအတွင်းတွင် နေထိုင်ကြသည့်လူငယ်ဆိုသည်မှာလည်း အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြသူများဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်အပေါ်တွင် တည်မှီနေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ်ဖြေကြားရာတွင် **“လူငယ်တွေအနေနဲ့ ပညာရေးမှာကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်”**ဟု တိုက်တွန်းပြောကြားခဲ့သည်။ ၎င်းလမ်းညွှန်ချက်သည် တိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သောအလားအလာကောင်းများကို လူငယ်တို့၏စွမ်းအားဖြင့် မည်သို့ဖော်ဆောင်ရမည်ကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

**အနာဂတ်ကို အလင်းဆောင်မည့်ပညာရေး**

ခေတ်သစ်ကမ္ဘာကြီးတွင် ပညာရေးသည် အပြိုင်အဆိုင်အားကောင်းလှသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် တစ်ခုတည်းသောလက်နက်ဖြစ်သည်။ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကျက်မှတ်ဖြေဆိုရုံမျှဖြင့် မလုံလောက်တော့ဘဲ တကယ့်လက်တွေ့ဘဝတွင် အသုံးချနိုင်သည့် “စစ်မှန်သော ပညာတတ်များ”ဖြစ်လာရန် လိုအပ်သည်။ ပညာတတ်ဆိုသည်မှာ စာတတ်ရုံသာမက အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အပြစ်ကို ဝေဖန်ပိုင်းခြားနိုင်သည့် စဉ်းစားတွေးခေါ်မှုအားကောင်းသူများကို ဆိုလိုသည်။ ထို့ကြောင့် လူငယ်များသည် နည်းပညာ၊ ဘာသာစကားနှင့် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရပ်များတွင် အစဉ်မပြတ်လေ့လာဆည်းပူးနေထိုင်သည့် တစ်သက်တာလေ့လာသူများဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် ကျိုးကြောင်းတွက်ဆ၍ ပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်ရန်အတွက် အသိပညာကို အသုံးချရသည်။ အသိပညာရရှိရန်အတွက် စာပေဖတ်ရှုခြင်းနှင့်စူးစမ်းလေ့လာခြင်းတို့ဆောင်ရွက်ရသည်။ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတကိုရရှိမည်ဖြစ်ပြီး ကျိုးကြောင်းဆင်ခြင်တတ်မှု၊ တွေးခေါ်မြော်မြင်တတ်မှု၊ စူးစမ်းရှာဖွေတတ်မှုတို့ကိုပါ ရရှိနိုင်သည်။ ထိုတရားများပြည့်ဝလာသည်နှင့်အမျှ လူငယ်များအနေဖြင့် ပိုမိုတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် ကျိုးကြောင်းတွက်ဆ၍ စဉ်းစားဆင်ခြင်နိုင်ရေး ဉာဏ်ပညာပြည့်စုံရန် အထူးလိုအပ်ပေသည်။ အတန်းပညာသင်ကြားခြင်းနှင့် လက်တွေ့ဘဝအားလေ့လာခြင်းဟူသည့်သင်ကြားမှုနှစ်ရပ်တွင် ကျိုးကြောင်းဆက်စပ်စဉ်းစားပြီး အကျိုးနှင့်အကြောင်းကို ရှာဖွေတတ်သည့်အလေ့အကျင့်ရှိရန်လည်း များစွာလိုအပ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အတန်းပညာအား ကျက်မှတ်မှုသာအားပြုမနေဘဲ ကျိုးကြောင်းဆက်စပ်၍ စဉ်းစားဆင်ခြင်တတ်မှုကိုပါ အသုံးပြုသင့်ကြောင်း အသိရှိရန်လိုအပ်သည်။

**လူငယ်တစ်ယောက်အတွက် စည်းကမ်းနှင့်အချိန်**

ပညာဗဟုသုတ မည်မျှပင်ကြွယ်ဝစေကာမူ စည်းကမ်းနှင့်ကိုယ်ကျင့်တရားမရှိလျှင် အောင်မြင်မှုသည် ရေရှည်မတည်တံ့နိုင်ပေ။ ကိုယ်ပိုင်စည်းကမ်း(Self-discipline)ရှိခြင်းသည် ရည်မှန်းချက်ပန်းတိုင်ဆီသို့ မတိမ်းမစောင်းရောက်ရှိစေမည့်သံလိုက်အိမ်မြှောင်ပမာဖြစ်သည်။ လူငယ်များအနေဖြင့် လူ့အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် နိုင်ငံသားကျင့်ဝတ်များကို လေးစားလိုက်နာခြင်းဖြင့် အပြန်အလှန်လေးစားမှုရှိပြီး တည်ငြိမ်အေးချမ်းသောအနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လူငယ်ဘဝသည် ခွန်အား၊ ဉာဏ်ရည်နှင့်တက်ကြွမှုအရှိန်အဟုန် အကောင်းဆုံးကာလဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် အကျိုးမရှိသော အပျော်အပါးများ၊ အလွန်အကျွံအချိန်ဖြုန်းတီးစေသည့် အာရုံထွေပြားစရာများသည် လူငယ်တို့၏အဖိုးတန်အချိန်များကို ဝါးမျိုလျက်ရှိသည်။ အပျော်အပါးကို လုံးဝရှောင်ကြဉ်ရန်မဟုတ်ဘဲ ဘဝ၏ ရည်မှန်းချက်ကိုမထိခိုက်စေရန်၊ ချင့်ချိန်တတ်ရန်နှင့် လျှော့ချရန်သာဖြစ်သည်။ တန်ဖိုးရှိသောအချိန်များကို စာပေများဖတ်ရှုလေ့လာခြင်း၊ ကျန်းမာရေးလေ့ကျင့်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးရုံသာမက မိမိကိုယ်ကို ယုံကြည်မှုကိုပါ ပိုမိုခိုင်မာစေသည်။

“အချိန်”သည် လူငယ်တို့အတွက် တန်ဖိုးရှိလှသည့်၊ ကြီးမားသည့် အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ လူအများစုအတွက် ကြီးမားသည့် အရင်းအမြစ်တစ်ခုဖြစ်သလို ယနေ့ခေတ်အခြေအနေဖြစ်သည့်သတင်းအချက်အလက်နည်းပညာကာလတွင်လည်း အချိန်သည် အကြီးမားဆုံး အရင်းအမြစ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ အချိန်သည် အထူးတလည်ကြိုးပမ်းအားထုတ်ရှာဖွေရန်မလိုသကဲ့သို့ ငွေကြေးဖြင့်ဝယ်ယူရန်လည်းမလိုသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ အချိန်နှင့်ပတ်သက်သည့် ညည်းတွားသံများကို မကြာခဏကြားနေရတတ်သည်။ “အချိန်နှင့်ဒီရေသည် လူကိုမစောင့်”ဟူသည့်စကားပုံနှင့်အညီ အချိန်သည် လျင်မြန်စွာကုန်ဆုံးတတ်သဖြင့် မိမိတို့အတွက် အချိန်သည် မည်သည့်အခါမျှ လုံလောက်မှုမရှိဟုလည်း ထင်မြင်ယူဆတတ်ကြသည်။ သို့ဖြစ်၍ မိမိတို့လက်ဝယ်ရှိပြီး “အချိန်”ဆိုသည့်အရင်းအမြစ်နှင့်ပတ်သက်၍ အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်မှာ ယင်းအရင်းအမြစ်ကို အကောင်းမွန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် စီမံအသုံးချရေးပင်ဖြစ်သည်။

**နိုင်ငံတော်မှပံ့ပိုးပေးနေသော ဝန်ဆောင်မှုများကိုအသုံးချပါ**

မိမိကိုယ်ကိုမြှင့်တင်ရာတွင် အစိုးရနှင့်နိုင်ငံတော်မှပံ့ပိုးထားသော အခွင့်အလမ်းများကိုသိရှိထားရန်လိုအပ်သည်။ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)၊ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း( GTHS )များ၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့(NSSA)ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များအတွက် ခိုင်မာသောအထောက်အထားများဖြစ်သည်။ အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်လမ်းကြောင်းများ (MOU စနစ်)နှင့် တောင်ကိုးရီးယားအလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် Employment Permit System– Test of Proficiency in Korean( EPS–TOPIK) စာမေးပွဲများသည် လူငယ်များအတွက် တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများဖြစ်သည်။

**တိုင်းပြည်၏အလားအလာနှင့် လူငယ်တို့၏စုပေါင်းခွန်အား**

မိမိတို့၏တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတနှင့် အခွင့်အလမ်းအလားအလာများစွာရှိနေသည်။ ထိုအလားအလာများကို စီးပွားရေး၊ လူမှုရေး၊ ပညာရေးအင်အားအဖြစ် ပြောင်းလဲနိုင်ရန်မှာ ဉာဏ်ရည်ပြည့်ဝပြီး ကြိုးစားအားထုတ်လိုစိတ်ရှိသော လူငယ်ထု၏ လက်ထဲတွင်ရှိသည်။ လူငယ်တစ်ဦးချင်းစီက မိမိတို့၏အခန်းကဏ္ဍမှ ကျေပွန်စွာကြိုးစားအားထုတ်မှသာ တိုင်းပြည်၏တကယ့်အလားအလာကောင်းများသည် လက်တွေ့ဘဝတွင် အသီးအပွင့်အဖြစ် ထွက်ပေါ်လာမည်ဖြစ်သည်။ ခေတ်စနစ်များ မည်သို့ပင် ဖြတ်သန်းပြောင်းလဲနေသည်ဖြစ်စေ လူငယ်မျိုးဆက်သစ်များအနေဖြင့် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် လူငယ်များ၏ ကြိုးစားအားထုတ်မှု အခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏တိုက်တွန်းချက်သည် လူငယ်တစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးအတွက်သာမက တစ်နိုင်ငံလုံး၏အနာဂတ်မျက်နှာစာအတွက် လမ်းညွှန်ချက်တစ်ခုဖြစ်သည်။ ထို့ပြင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်း(၁၇ သန်းခန့်)ရှိသော လူငယ်အင်အားကိုမြှင့်တင်နိုင်ရေး နိုင်ငံတော်မှ လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးထားခဲ့ပြီးဖြစ်သည်။ လူငယ်များအနေဖြင့် အပျော်အပါးတို့ကို အသိဉာဏ်ဖြင့်ထိန်းချုပ်ကာ အချိန်ကိုတန်ဖိုးရှိစွာအသုံးချပြီး ပညာရေးတွင် ထူးချွန်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ထို့အတူ စည်းကမ်းနှင့်စာရိတ္တကို လေးစားလိုက်နာသော စစ်မှန်သည့်ပညာတတ်များအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက တိုင်းပြည်၏ကြီးမားလှသော အလားအလာကောင်းများသည် အနာဂတ်တွင် ထည်ဝါစွာရှင်သန်တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

- ❒ **နိုင်ငံတော်အကြီးအကဲ၏တိုက်တွန်းချက်သည် လူငယ်တစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးအတွက်သာမက တစ်နိုင်ငံလုံး၏အနာဂတ်မျက်နှာစာအတွက် လမ်းညွှန်ချက်တစ်ခုဖြစ် . . .**
- ❒ **၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်း(၁၇ သန်းခန့်)ရှိသော လူငယ်အင်အားကိုမြှင့်တင်နိုင်ရေး နိုင်ငံတော်မှ လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးထားခဲ့ပြီးဖြစ် . . .**
- ❒ **လူငယ်များအနေဖြင့် အပျော်အပါးတို့ကို အသိဉာဏ်ဖြင့်ထိန်းချုပ်ကာ အချိန်ကိုတန်ဖိုးရှိစွာအသုံးချပြီး ပညာရေးတွင် ထူးချွန်အောင်ကြိုးစားကြရမည်ဖြစ် . . .**

# ခြေထောက်ရေစိုလျှင် လေဖြတ်နိုင်

**"လေဖြတ်သူ အတော်များများသည် အအေးကြိုက်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် လေဖြတ်အများဆုံးရာသီမှာလည်း နွေအကုန် မိုးဥတုအကူးနှင့် မိုးအကုန် ဆောင်းဥတုအကူး ရာသီများဖြစ်သည်ကို တွေ့ရသည်။**

**မိုးဥတုတွင် မိုးရက်ဆက်ရွာသွန်း၍သော်လည်းကောင်း၊ မိုးရွာသောအခါ နေအိမ်ခြံဝင်းနှင့်လမ်းများပေါ်၌ ရေဝပ်ကျန်ခြင်းကြောင့်သော်လည်းကောင်း အလုပ်လုပ်ကိုင်ရင်း၊ သွားရင်းလာရင်း ခြေထောက်ရေစိုဖြင့် အလုပ်လုပ်ရသူများအတွက် အကြံပြုလိုသည်မှာ ခြေထောက်ရေစိုချိန်ကြာလျှင် ဂရုစိုက်သင့်ပါသည် . . ."**

ယခုရက်ပိုင်းအတွင်း လေဖြတ်သူ အတော်များများကိုကြည့်လျှင် မြို့သစ်အနိမ့်ပိုင်း ရေဝပ်သောရပ်ကွက်များ၌ နေထိုင်သူများ၊ အသက် ၆၀ ကျော် လူကြီးပိုင်းများဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးများတွင် အသက် ၄၀ ကျော် လူလတ်ပိုင်းအရွယ်များပါ လေဖြတ်ဝေဒနာ ခံစားရသည်ကိုတွေ့ရသည်။ အထူးသဖြင့် ခြေထောက်ရေစိုနှင့် တစ်နေကုန်လှည့်လည်သွားလာနေသူများ ဖြစ်လေ့ရှိသည်ကိုတွေ့ရသည်။

ခြေထောက်ရေစိုနှင့် လေဖြတ်ခံရသူ လူကြီးများမှာ နဂိုကလည်း သွေးတိုးရောဂါအခံရှိသူများဖြစ်သည်။ တချို့လူကြီးများသည် မိမိကိုယ်မိမိ သွေးတိုးရောဂါရှိမှန်းမသိ၊ သွေးပေါင်လည်း မချိန်ကြည့်ကြပေ။ လေဖြတ်ပြီး ဆေးရုံ၊ ဆေးခန်းလာပြ၍ချိန်ကြည့်သောအခါမှ သွေးပေါင်ချိန် အရမ်းတက်နေသည်ကို တွေ့ရလေ့ရှိသည်။

ခြေအေးဝမ်းရောင် ရှေးလူကြီးများ ဆိုစကားရှိသည်။ အဓိပ္ပာယ်မှာ ခြေထောက်ရေစိုနှင့်အနေကြာသောအခါ ခြေထောက်မှ အအေးဓာတ် (သီတဝါယော)သည် တဖြည်းဖြည်း ဝမ်းဗိုက်နှင့်အစာအိမ်အထိရောက်လာပြီး ဝမ်းဗိုက်ကိုအနှောင့်အယှက်ပေးလေသည်။ သီတဝါယောဓာတ်ကြောင့် ပါစကဝမ်းမီးငြိမ်းပြီး အစာမကြေဖြစ်ရလေသည်။ အစာမကြေခြင်း၏ နောက်ဆက်တွဲမှာ ရောဂါဝေဒနာအမျိုးမျိုးဖြစ်နိုင်သည်။ ရောဂါမှန်သမျှ အစာမကြေခြင်းကစသည်ဟု ဆေးပညာဥပဒေသကဆိုသဖြင့် သွေးတိုးလည်းဖြစ်နိုင်သည်။ လေငန်းလည်းဖြစ်နိုင်သည်။ အစာမကြေခြင်းကြောင့် ခေါင်းကိုက်ရောဂါလည်းဖြစ်နိုင်သည်။ စားသောအစာမကြေသဖြင့် နောက်တစ်ရက်တွင် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းရောဂါများလည်း ဆက်၍ဖြစ်နိုင်သည်။ ဝမ်းချုပ်ရောဂါမှန်သမျှသည် အစာမကြေခြင်း၏နောက်ဆက်တွဲဆိုးကျိုးဖြစ်သည်။

လေဖြတ်ရောဂါသည် အသက်အရွယ်၊ မျိုးရိုးနှင့်ဆိုင်သည်ဟုဆိုသော်လည်း အနေအထိုင်၊ အစားအသောက် မှားယွင်းမှုကြောင့်လည်း ရုတ်တရက်ဖြစ်ပွားတတ်သည်။ အထူးသဖြင့် အအေးမိခြင်းကြောင့် လေဖြတ်သူ အတော်များများရှိသည်ကို လေ့လာတွေ့ရှိရသည်။

လေဖြတ်သူ အတော်များများသည် အအေးကြိုက်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် လေဖြတ်အများဆုံးရာသီမှာလည်း နွေအကုန် မိုးဥတုအကူးနှင့် မိုးအကုန် ဆောင်းဥတုအကူးရာသီများဖြစ်သည်ကိုတွေ့ရသည်။

မိုးဥတုတွင် မိုးရက်ဆက်ရွာသွန်း၍သော်လည်းကောင်း၊ မိုးရွာသောအခါ နေအိမ်ခြံဝင်းနှင့်လမ်းများပေါ်၌ ရေဝပ်ကျန်ခြင်းကြောင့် သော်လည်းကောင်း အလုပ်လုပ်ကိုင်ရင်း၊ သွားရင်းလာရင်း ခြေထောက်ရေစိုဖြင့် အလုပ်လုပ်ရသူများအတွက် အကြံပြုလိုသည်မှာ ခြေထောက်ရေစိုချိန်ကြာလျှင် ဂရုစိုက်သင့်ပါသည်။ ရေနှင့်လွတ်သောနေရာသို့ ရောက်သောအခါ ခြေထောက်ကိုအပူထွက်စေရန် ဒူးအောက်ပိုင်းမှ အခိုးများထွက်လာပါလိမ့်မည်။ ထိုအခါ ခြေထောက်ကို အဝတ်ခြောက်ဖြင့် ရေများပြောင်စင်အောင်သုတ်ပါ။ နွေးထွေးအောင်နေပါ။ အခိုးငုပ်ပြီးနာချေလျှင် ရေနွေးမတ်ခွက်ငယ်တွင် ချင်းသို့မဟုတ် ကွမ်းရွက်ကို ရေနွေးပူပူဖြင့်စိမ်ထားပြီး အတော်အသင့်ပူပူလေးသောက်ပေးပါ။ လူကြီးများ ခြေထောက်ကို မုန့်ညင်းဆီလိမ်းပေးလျှင် အအေးမိလေဖြတ်ခြင်းမှ ကာကွယ်ပေးပါသည်။

**ကြည်လွင်မြင့်(မုဒြာ)**

# ဆီးနှင့်ပတ်သက်သောရောဂါများအတွက် အိမ်တွင်းသက်စောင့် ဆီးဆေးဖြူ

**"ဆီးရောဂါအမျိုးမျိုးရှိသည်။ သို့သော် ရိုးရာဆေးပညာရှုထောင့်မှကြည့်လျှင် အပူနာနှင့်အအေးနာနှစ်မျိုးသာရှိသည်။ အပူနာဆီးရောဂါများမှာ ဆီးပူ၊ ဆီးနီ၊ ဆီးဝါ၊ ဆီးအောင့်၊ ဆီးကျဉ်၊ ဆီးနည်း၊ ဆီးကိုက်၊ ဆီးပူညောင်းကျရောဂါများဖြစ်သည်။ အအေးနာဆီးရောဂါများမှာ ဆီးများခြင်း၊ ဆီးလွန်ခြင်း၊ ဆီးဖြူလွန်းခြင်း၊ ဆီးကျောက်တည်ခြင်း၊ ညဘက် အကြိမ်များစွာ ဆီးထသွားရခြင်း စသည့်ရောဂါများပါဝင်သည် . . ."**

ဆီးဆေးဖြူဟုခေါ်ဝေါ်ရခြင်းမှာ ဤဆေးတွင်ပါဝင်သော ဆေးအမည်များကို စုပေါင်းပြီး အမှုန့်ကြိတ်လိုက်ပြီးသောအခါ ရရှိလာသည့်ဆေး၏အရောင်မှာ အဖြူရောင်နီးပါးဖြစ်နေသောကြောင့်ဖြစ်သည်။ ဆီးနှင့်ပတ်သက်သော ရောဂါအမျိုးမျိုးတွင် အသုံးတည့်သဖြင့် တိုင်းရင်းဆေးခန်းများ၌ သုံးစွဲရန် ဆေးနံပါတ် (၂၁) အဖြစ် ပြဋ္ဌာန်းထားသည်။

ဆီးရောဂါသည် မိသားစုတစ်စုအတွင်း တစ်နေ့မဟုတ်တစ်နေ့ ဖြစ်နိုင်သောရောဂါမျိုးဖြစ်သဖြင့် အိမ်သုံးသက်စောင့်ဆေးအဖြစ် ဖော်စပ်ထားသင့်သောဆေးမျိုးတွင်ပါဝင်သည်။ ဆီးရောဂါသည် ဖြစ်စတွင် အာဂန္တုရောဂါဖြစ်သော်လည်း ဂရုမစိုက်၊ မကုသဘဲထားလျှင် ကြာရှည်လာသောအခါ ကျောက်ကပ်ပျက်စီးသည်အထိဖြစ်နိုင်သဖြင့် ပေါ့ပေါ့တန်တန်မနေသင့်ပေ။

ဆီးရောဂါအမျိုးမျိုးရှိသည်။ သို့သော် ရိုးရာဆေးပညာရှုထောင့်မှ ကြည့်လျှင် အပူနာနှင့် အအေးနာနှစ်မျိုးသာရှိသည်။ အပူနာဆီးရောဂါများမှာ ဆီးပူ၊ ဆီးနီ၊ ဆီးဝါ၊ ဆီးအောင့်၊ ဆီးကျဉ်၊ ဆီးနည်း၊ ဆီးကိုက်၊ ဆီးပူညောင်းကျရောဂါများဖြစ်သည်။ အအေးနာဆီးရောဂါများမှာ ဆီးများခြင်း၊ ဆီးလွန်ခြင်း၊ ဆီးဖြူလွန်းခြင်း၊ ဆီးကျောက်တည်ခြင်း၊ ညဘက် အကြိမ်များစွာ ဆီးထသွားရခြင်း စသည့်ရောဂါများပါဝင်သည်။

ရှေးက အရပ်သုံးစကားဖြစ်သည့် ယောကျ်ားမှာဆီး၊ မိန်းမမှာမီးဆိုသောစကားမှာ အပြည့်အဝမမှန်ကန်ပေ။ ယောကျ်ားရော မိန်းမပါ ဆီးရောဂါဖြစ်နိုင်သည်။ ယောကျ်ားတွင် မီးယပ်မရှိသဖြင့် မီးယပ်ရောဂါမဖြစ်နိုင်သော်လည်း မိန်းမတွင် မီးရောဆီးပါ ရောဂါနှစ်မျိုးစလုံးဖြစ်နိုင်သည်။ မိန်းမရောဂါတွင် မီးယပ်ဖြူဆင်းခြင်းနှင့်တွဲ၍ ဖြစ်တတ်သည်။

အိမ်တွင်းသက်စောင့် ဆီးဆေးဖြူဆေးနည်းသည် အပူနာ၊ အအေးနာနှစ်မျိုးစလုံးတွင် အသုံးတည့်သည့် ဆီးသန့်စေသောဆေးမျိုးဖြစ်သည့်အပြင် မိန်းမမီးယပ်ဖြူဆင်းရောဂါကိုပါ ပျောက်ကင်းအောင် ကုသနိုင်သောဆေးမျိုးဖြစ်သည်။ ဆီးဆေးဖြူဆေးကို အပူငြိမ်းသွေးဆေးနှင့်ရောစပ်ပြီး မီးယပ်ဖြူဆင်းရောဂါကို ကုသပေးရာတွင် ထူးခြားစွာ ပျောက်ကင်းကြောင်း တွေ့ရသည်။

**ဆီးဆေးဖြူဆေးနည်း**

ပင်လယ်ရေမြှုပ် ၈ ပဲ၊ ရေညှိ ၈ ပဲ၊ ကြွေပုပ် ၈ ပဲ၊ လိပ်ကျောက်ဆူး ၈ ပဲ၊ နံ့သာဖြူ ၈ ပဲ၊ နံ့သာနီ ၈ ပဲ၊ အလိုကျူ ၈ ပဲ၊ ကံ့ကူဆံ ၈ ပဲ၊ ယမ်းစိမ်း ၈ ပဲ၊ လက်ချား ၈ ပဲ၊ ဇဝက်သာ ၈ ပဲ၊ ဖြူဆူးပြာ ၈ ပဲ၊ ကျောက်ချဉ် ၈ ပဲ၊ ကျောက်စက် ၈ ပဲ၊ ပန်းဥ ၃ ကျပ် ၈ ပဲ၊ မြေဖြူ ၇ ကျပ် စုစုပေါင်းဆေးချိန် ၁၇ ကျပ် ၈ ပဲသားဖြစ်သည်။

ဤဆေးအမယ်များကို အမှုန့်ကြိတ်ပြီး လေလုံအောင်သိမ်းဆည်းထားပါ။ သောက်သုံးရမည့်ဆေးပမာဏမှာ လူကြီးတစ်ကြိမ်သောက်လျှင် ကော်ဖီဇွန်းတစ်ဇွန်းမှ နှစ်ဇွန်း၊ ကလေးတစ်ကြိမ်သောက်လျှင်ကော်ဖီဇွန်းတစ်ဝက်ကို ရေအေးဖြင့် တစ်နေ့သုံးကြိမ်တိုက်နိုင်သည်။ ဆီးပူဆီးအောင့်လျှင် သံပရာရည်ဖြင့် ဖျော်စပ်တိုက်ပါ။ ဆီးလမ်းကြောင်းရောင်ခြင်း၊ မီးယပ်ဖြူဆင်းခြင်းများအတွက် ဆန်ဆေးရည်အကြည်ဖြင့်ဖျော်စပ်တိုက်ပါ။ သုံးရက်ခန့်တိုက်လျှင် သက်သာစေနိုင်သည်။ ဆီးချိုဖြစ်ခါစ ဆီးများလျှင် မြင်းခွာရွက်သတ္တုရည်၊ ကြက်ဟင်းခါးရွက်ပြုတ်ရည် တို့နှင့်တိုက်လျှင် သက်သာပျောက်ကင်းနိုင်သည်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်၌ ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းမော်၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးတံခွန်ခြောက်ပိဿာ ၄၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒေသထွက်ငါးတံခွန်ခြောက်ကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာ ၄၆၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ ငါးခြောက်တွေက နွေရာသီတုန်းကပြုလုပ်ထားတဲ့ ငါးခြောက်တွေဖြစ်ပါတယ်။ ပင်လယ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာ စားသုံးသူများတာရယ်၊ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာရယ်ကြောင့် အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုန်သည်တွေနဲ့ လုပ်သားတွေ အဆင်ပြေကြပါတယ်" ဟု ဒေါ်ဝင်းမော်ကပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**



# ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား သြဂုတ် ၁၀**

ကချင်ပြည်နယ်အတွင်း ခရိုင် ၆ ခရိုင်၊ မြို့နယ် ၁၈ မြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၇၉ ကျောင်းရှိသည့်အနက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ၈၇၂ ကျောင်း ဖွင့်လှစ်ထားနိုင်ခဲ့ပြီး ၇၀၇ ကျောင်းမှာ နယ်မြေအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မဖွင့်လှစ်နိုင်သည့်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးတပ်မတော်၊ ဌာနဆိုင်ရာများ၊ ရပ်/ရွာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ အားလုံးက ချိတ်ဆက်ပေါင်းစပ်ပြီး လုံခြုံရေးအစီအမံများချမှတ်ကာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပသည့် နယ်မြေလုံခြုံရေးအခြေအနေအရ မဖွင့်လှစ်နိုင်သည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၏ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဖွင့်လှစ် နိုင်ခြင်းမရှိသေးသည့်ကျောင်းများအနေဖြင့် ၄၄ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရသည့်အတွက် ရပ်/ရွာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၏ ဒေသအလိုက် လိုအပ်ချက်၊ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ပြီး ဖွင့်လှစ်နိုင်ရေးတပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးက ပါဝင်ဆွေးနွေးခဲ့ပြီး ပြည်နယ်ပညာရေးမှူးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ဖွင့်လှစ်လျက်ရှိသည့်အခြေခံပညာကျောင်းများစာရင်းနှင့် မဖွင့်နိုင်သေးသည့် အခြေခံပညာကျောင်းများ၏နယ်မြေအခြေအနေ၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီးမျိုးဆွေက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ တက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်/မြို့နယ်များအလိုက် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်းများအခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်သုံးသပ်ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ပြန်/ဆက်

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ကလေးစာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ငဖဲ သြဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပအသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ ကလေးစာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲကို သြဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် ပေကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးသိကောင်းစရာများ၊ အသိပညာဗဟုသုတတိုးပွားစေရေး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရန်လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကလေးကြိုက်ရုပ်ပြများ၊ ပုံပြင်စာအုပ်များ၊ တိုင်းရင်းသားရိုးရာပုံပြင်များ၊ တေဇရုပ်ပြစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်းဆောင်ရွက်ပြီး လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသဆောင်ရွက်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မယု(ငဖဲ)

## နောက်ခံမတူပြား ရည်မှန်းတူထား လူငယ်အား

❖ မတူကွဲပြား၊ ပန်းပွင့်များသည်
ဆေးသားရောင်စုံ၊ ပန်းချီပုံသို့
ငုံစီဖူးပွင့်၊ လှဂုဏ်ဆင့်၍
ဂုဏ်တင့်ဖွယ်ရာ၊ ဥယျာဉ်သာ၏။

❖ သံစဉ်ကွဲပြား၊ မတူငြားလည်း
ခြားနားမှုများ၊ ပေါင်းစုအားကြောင့်
တေးသားသံစဉ်၊ ချိုလွင်လွင်သည်
ဗီပြင်ဂီတ၊ စိတ်ကြည်မြ၏။

❖ လောကအကျိုး၊ ဆောင်သယ်ပိုးရန်
မြတ်နိုးသူများ၊ ပေါင်းစုအားကြောင့်
ကွဲပြားနောက်ခံ၊ ခြားနားပြန်လည်း
အားမာန်ကြွားဝင့်၊ ဝန်းကျင်တင့်၏။

❖ မတူကွဲပြား၊ လူငယ်များတို့
ကြိုးစားစုပေါင်း၊ အားသစ်လောင်းသော်
ပန်းပေါင်းဝေဆင့်၊ ဥယျာဉ်တင့်သို့
နိမ့်မြင့်သံစဉ်၊ ချိုသံလွင်သို့
ဝန်းကျင်လောက၊ ရှုတိုင်းလှသည်
စွမ်းစကိုယ်စီ ရှေ့သို့ချီ
ဖွံ့ကိုရင်းတည် အောင်ပွဲဆီ။ ။

မောင်လေပြေ(တောင်တွင်း)

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၁-၈-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုသရုပ်ပြပွဲ အသိပညာပေးဟောပြောပွဲကျင်းပ



**ပဲခူး သြဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ သီရိပညာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု“အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏တန်ဖိုးသင့်အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲနှင့်အာဟာရအုပ်စု(၅)မျိုးအကြောင်းအသိပညာပေးဟောပြောပွဲ ” အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီစိုးက ကျန်းမာရေးဆိုင်ရာ အမှာစကားပြောကြားပြီး အကဲဖြတ်စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းနောက်ကျောင်းသား၊ ကျောင်းသူများအား အာဟာရအုပ်စု(၅)မျိုးနှင့်ပတ်သက်၍ ဆန်းစစ်မေးခွန်းများအား ဖြေဆိုကြရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဗလာစာအုပ်နှင့်ဘောပင်များအား လက်ဆောင်ပေးအပ်ခဲ့သည်။

ထို့နောက်အထက(၁/၂/၃/၄/၅)ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တန်ဖိုးသင့် အာဟာရပြည့်လက်တွေ့ချက်ပြုတ်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကလှည့်လည်ကြည့်ရှုပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၀)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ



တာချီလိတ် ဩဂုတ် ၁၀

ခရီးသွားလုပ်ငန်းသည် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနေသည့်မီးခိုးမထွက်သောစက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တာချီလိတ်မြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကို အနှစ်သာရပြည့်ဝသည့် ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း(Cultural Tourism)အဖြစ် တန်ဖိုးမြှင့်တင်ပေးပြီး မိမိတို့၏ အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ထင်ရှားသည့်ဆရာတော်ကြီးများ၏ သာသနာရေးဆိုင်ရာ အခမ်းအနားများ၊ သာသနိကအဆောက်အအုံများနှင့်တိုင်းရင်းသားပေါင်းစုံချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်ကြသည့်ဒေသဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ ထူးခြားလှပသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန် ပွဲတော်အခြေပြု ခရီးသွားလုပ်ငန်း (Festival Tourism)ကို မြှင့်တင်ရန်၊ တိုင်းရင်းသားများ၏ ဒေသထွက် ရိုးရာအစားအသောက်များကိုပြည်တွင်း၌သာမက နိုင်ငံတကာက သိရှိကြိုက်နှစ်သက်စေရန် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း (Gastronomy Tourism) ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံ၌ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ(Alms Offering Ceremonies)ကဲ့သို့ ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များကို ပေါင်းစပ်ဖော်ထုတ်ဆောင်ရွက်ရန်၊ ခြေကျင်တောင်တက်ခြင်း၊ တောတွင်းလမ်းလျှောက်ခြင်း စသည့် စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism) နှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း (Ecotourism) တို့ကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသခံတို့၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အကျိုးပြုသည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community-Based Tourism) ကို တိုးချဲ့မြှင့်တင်ဖော်ဆောင်ကြရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းလည်း တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ တက်ရောက်လာသည့်အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဝမ်ပုံဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ-လာအို-ထိုင်း(၃)နိုင်ငံ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း (Cross-border Tourism) ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေလည်ပတ်နိုင်မည့် အပျော်စီးမြစ်ကြောင်း လေ့လာရေးခရီးစဉ်များဖော်ထုတ်ဆောင်ရွက်ရေးမှာကြားပြီး ရွှေတြိဂံ ဟိုတယ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

---

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

**၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်**

**ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ**

**(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆)**

**ရက်နေ့ထိ**

၁။ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊

၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊

၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊

၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊

၆။ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊

၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေးလုပ်ငန်း၊

၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊

၉။ သင်တန်းနှင့်သုတေသနလုပ်ငန်း။

---

# ရောဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။


ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေခွဲခန့်တွင်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

**(မိုး/ဇလ)**

---

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိုင်းနိုင်ငံနှင့်မလေးရှား ကမ္ဘာလှည့်ခရီးသွား ဓာတ်ပုံပညာရှင်များ မြန်မာ့ကျေးလက်သဘာဝများ မှတ်တမ်းဓာတ်ပုံရိုက်လျက်ရှိ



ညောင်ဦး ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသား ကမ္ဘာလှည့် ခရီးသွားဓာတ်ပုံပညာရှင် ၁၂ ဦးတို့သည် မြန်မာ့ကျေးလက်သဘာဝများကို မှတ်တမ်းဓာတ်ပုံရိုက်လျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် စူဠာမဏိဘုရား တောင်ဘက် ဖိုးမောက်ကြီး တောင်ကုန်း ပတ်ဝန်းကျင်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပုဂံဒေသ၏လှပသော ရှုခင်းများကို နောက်ခံထား၍ မြန်မာ့ကျေးလက် တောင်သူတို့၏ စပါးရိတ်သိမ်းပြီးချိန် စပါးခြွေလှေ့ပုံ၊ နွားများဖြင့် ကောက်ရိုးသယ်ယူပုံ၊ စပါးရိတ်သိမ်းခြွေလှေ့ပြီးချိန် ကောက်ရိုးပုံများထားရှိပုံတို့ကို ပြင်ဆင်ကာ မှတ်တမ်းဓာတ်ပုံများရိုက်ကြကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံပညာရှင်များသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၏သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မှတ်တမ်းဓာတ်ပုံများရယူလျက်ရှိပြီး စူဠာမဏိဘုရားပတ်ဝန်းကျင်၊ မြင်းကပါကျေးရွာ၊ ပြဿဒ်ကြီးဘုရားပတ်ဝန်းကျင်၊ မင်းနန်သူကျေးရွာ၊ အနောက်ဖွားစောကျေးရွာပတ်ဝန်းကျင်တို့တွင်လည်း ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

---

❐ **ရှေ့ဖုံးမှအဆက်**

အဆိုပါအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းရှင်များ ချေးငွေရယူရာတွင် အဆင်ပြေစေရန် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ပြင်ဆင်ဖြေလျှော့ပေးမှုများဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိ၍ CGI စနစ်ဖြင့် ချေးငွေရယူလိုပါကလည်း ငွေကျပ်သန်း ၅၀ အထိ တိုးမြှင့်၍ ချေးငွေအာမခံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် MSME ချေးငွေလုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အလားတူ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လက်ရှိ MSME ချေးငွေအများဆုံးပမာဏ ငွေကျပ်သန်း ၁၀၀ သတ်မှတ်ထားရှိမှုကို တိုးမြှင့်သတ်မှတ်နိုင်ရန် ဘဏ္ဍာရေး စည်းမျဉ်းပါ သတ်မှတ်ချက်များကို ပြင်ဆင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေဂျင်စီအနေဖြင့် MSME ချေးငွေမူဝါဒနှင့်အညီ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လက်ကျန်အခြေအနေများ၊ ချေးငွေစိစစ်ခွင့်ပြုမှု လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ချေးငွေပမာဏတိုးမြှင့်ထုတ်ချေးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးကြရာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်၏မူဝါဒနှင့်အညီ MSME လုပ်ငန်းရှင်များလိုအပ်သည့်ငွေကြေးအရင်းအနှီးများကို မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ကြိုတင်ကန့်သတ်ချက်များမထားသည့်ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ဧပြီလ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ အတွင်းရေးမှူးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအားလူနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအိုက်ပန်း၊ ဦးစိုင်းမောက်နှင့် ဦးဇင်ခမ်းနော်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မိုင်းလားအဖွဲ့နှင့် နေပြည်တော်တွင် ဒုတိယအကြိမ် တွေ့ဆုံရသည့်အတွက် အထူးပင်လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအကြိမ်မိုင်းလားတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး ယခင် NDAA ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းမှုအား ဝမ်းသာပါကြောင်း၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်းနှင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိုင်းလားဒေသအား မြင့်မားသည့် အဆင့်အတန်းတစ်ခုသို့ရောက်ရှိအောင် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက်လိုလားချက်များကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အား ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တချို့နိုင်ငံရေးဆိုင်ရာလိုအပ်ချက်များသည် အဆင့်လိုက်လုပ်ဆောင်ရသည်များရှိပြီး ဌာနဆိုင်ရာများတွင်လည်း ၎င်းတို့၏လုပ်ထုံးလုပ်နည်းများရှိသည့်အတွက် ညှိနှိုင်းဆောင်ရွက်ရသည်များရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုအပ်ချက်များအား နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး တိုးတက်ကောင်းမွန်သောအရွေ့တစ်ခုသို့ရောက်အောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နေပြည်တော်သို့ဖိတ်ခေါ်သည့်အတွက်ငြိမ်းချမ်းရေးနှင့်စည်းလုံးရေး ကော်မတီအနေဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဇွန်လ ၁၇ ရက်တွင်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍နေပြည်တော်တွင်ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် အလေးထားဖိတ်ခေါ်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း ချမှတ်ခဲ့သည့် **"ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး"** ဆိုသည့် လမ်းစဉ်အတိုင်းလျှောက်လှမ်းလာခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အမွေဆက်ခံပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မကြာခဏတွေ့ဆုံဆွေးနွေးပြီး ပိုမိုရင်းနှီးသည့် ဆက်ဆံခြင်းမှယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းညွှန်ပေးစေလိုပါကြောင်း၊ လမ်းညွှန်ချက်များအား ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အပေါ်ဂရုစိုက်မှုများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ဆောက်ရေး၊ ကျိုင်းတုံ-မိုင်းလားလမ်းမကြီးပြုပြင်ရေး၊ မိုင်းယု-ကျိုင်းယန်းတံတား ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်ရေး၊ နယ်စပ်ဒေသပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုအဆင့်အတန်းကို စဉ်ဆက်မပြတ်မြှင့်တင်ပေးနိုင်ရန်အတွက် သင်ကြားရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးခြင်း၊ ဆေးဝါးနည်းပညာဆိုင်ရာများဖလှယ်ခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းအစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေးအလားအလာကောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်များစွာအထောက်အကူပြုမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက်ဆက်ဆံရေးခိုင်မာစေရေး တင်ပြဆွေးနွေးချက်များအပေါ် NSPNC ဘက်မှ နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက်မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို အဆင့်လိုက်တိုးမြှင့်ဆောင်ရွက်သွားရေး၊ NDAA ၏ ခေါင်းဆောင်မှုအပြောင်းအလဲနှင့် ခေါင်းဆောင်သစ်များစုဖွဲ့မှုများ၊ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးမှု" မူဝါဒနှင့် နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းပါဝင်နိုင်သည့် အချက်အလက်များကို အဓိကထားစဉ်းစားဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များအား ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်း ကမ်းလွန်လုပ်ကွက်အမှတ် M-15 စီမံကိန်း ဆောင်ရွက်မည်

ထားဝယ် ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်းဆောင်ရွက်မည့်ကမ်းလွန်လုပ်ကွက်အမှတ် M-15 စီမံကိန်းသည် မုတ္တမကမ်းလွန်ဒေသ၏ တောင်ဘက်ပိုင်း မြိတ်မြို့၏ အနောက်ဘက် မိုင် ၁၂၀ ခန့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်၏ ကမ်းလွန်ပင်လယ်ပြင်တွင်တည်ရှိကာ ရဲတံခွန်စီမံကိန်းလုပ်ကွက်ဖြစ်သည့် M-12, M-13, M-14 နှင့် ချိတ်ဆက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် M-15 စူးစမ်းရှာဖွေရေးတွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CFG Energy Pte. Ltd က ကမ်းလွန်လုပ်ကွက်အမှတ်(M-15) စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားမှ သိရသည်။



ထိုသို့ရှင်းလင်းတင်ပြရာတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ (ကမ်းလွန်)က ဆွေးနွေးတင်ပြခြင်းရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာအကြောင်းအရာများကို လည်းကောင်း၊ CFG Energy Pte. Ltd Chairman Mr. Songning Shen က စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက (M-15) ကမ်းလွန်လုပ်ကွက် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးအစီအစဉ်၊ စီမံကိန်းဆိုင်ရာပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ဒေသခံများနှင့် ဆက်ဆံရေး၊ စည်းရုံးရေးဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သုံးယောက်တွဲဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့်တောင်ကြီးတပ်နယ် (နယ်မြေ-၁)ကိုယ်စားပြုအသင်း၊ နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ကြီးတပ်နယ် (နယ်မြေ-၂) ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ်လ ၆ ရက်မှယနေ့အထိယှဉ်ပြိုင်ကစားခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၀

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက်တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို တာဝန်ရှိသူများထံ စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ထို့ပြင် ပြင်ပပြကွက်များတွင်ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

လေ့လာရေးသွားရောက်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

“ကျွန်တော်တို့ အခုလိုမျိုးလေ့လာခွင့်ရတဲ့အတွက် ဒီအထဲမှာရှိတဲ့ ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်တွေ သူတို့ရဲ့ ရုပ်တုတွေ၊ သူတို့ရဲ့ အသုံးအဆောင်တွေ၊ ပြီးတော့ သူတို့ရဲ့ပစ္စည်းကိရိယာတွေ အကုန်လုံးကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေအများကြီး ရပါတယ်။ ပြီးတော့ အပြင်မှာ ခင်းကျင်းပြသထားတဲ့ လေယာဉ်တွေ၊ သင်္ဘောတွေ၊ ကားတွေ ဒါတွေအကုန်လုံးကို ကျွန်တော်တို့ တစ်ခါမှမမြင်ဖူးသေးတဲ့အတွက် ဗဟုသုတတွေအများကြီးရပါတယ်ခင်ဗျာ။ ကျွန်တော်တို့ကို အခုလိုလေ့လာခွင့်ရအောင်လို့ အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီပေးခဲ့ကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ ဆရာ၊ ဆရာမတွေအားလုံးကိုလည်းကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီထဲမှာ ကျွန်တော်တို့ မမြင်ဖူးသေးတဲ့ အရာတွေအများကြီးလည်း တွေ့ရပါတယ်။ ဗဟုသုတတွေလည်း အများကြီး ရစရာရှိပါတယ်။ အဲဒါကြောင့် လာပြီးတော့ လေ့လာကြပါလို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ”ဟုပြောသည်။

“သမီးကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်) Grade – 11 တွင် ပညာသင်ယူနေတဲ့ ကျောင်းသူလေး မရတီမွန်မြင့်ဖြစ်ပါတယ်ရှင့်။ ဒီစစ်သမိုင်းပြတိုက်မှာ ဗဟုသုတတွေအများကြီးရှိပါတယ်ရှင့်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွအာဇာနည်ပုဂ္ဂိုလ်ကြီးတွေ၊ ရဲဘော်သုံးကျိပ်နဲ့ မြန်မာနိုင်ငံရဲ့နိုင်ငံ့အကြီးအကဲခေါင်းဆောင်တွေအကြောင်း၊ နိုင်ငံရဲ့သမိုင်းအကြောင်း ပြီးတော့ မြန်မာနိုင်ငံရဲ့ (ကြည်း၊ ရေ၊ လေ)တပ်၊ စက်ကိရိယာပစ္စည်းတွေ၊ လေယာဉ်တွေ၊ သင်္ဘောတွေ အစရှိတဲ့ ပစ္စည်းတွေကို လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် ဗဟုသုတတွေလည်း အများကြီး ရရှိခဲ့ပါတယ်ရှင့်။ အခုလို သမီးတို့ကို လေ့လာခွင့်ရအောင် လေ့လာရေးခရီးစေလွှတ်ပေးတဲ့ တာဝန်ရှိနိုင်ငံတော်အကြီးအကဲတွေ၊ ကျောင်းအုပ်ဆရာမကြီးနဲ့တကွ ဆရာ၊ ဆရာမတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်ရှင့်”ဟုပြောသည်။

(၁၀၀)





## ဩဂုတ်လ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ကျောက်ဆည် | ၁၀-၈-၂၀၂၆ | ၁၅၁ | ၅.၉၄ | ၂၈-၈-၂၀၁၉ | ၁၁၈ | ၄.၆၅ | ၂၇ |

**၁၀-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ကိုခ(ပညာရေး)

ရော်ဘာပင်ကို လူအများစုက မြန်မာ့ရွှေပင်ဟု တင်စားခေါ်ဝေါ်ကြသည်။ ရော်ဘာကို မြန်မာနိုင်ငံ၌ ၁၈၇၆ ခုနှစ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သည်ဟုဆိုရပေမည်။ အကြောင်းမှာ ရော်ဘာစိုက်ပျိုးရန်အတွက် သင့်တော်သော ရေ၊ မြေ၊ ရာသီဥတုရှိသောကြောင့်ဖြစ်သည်။ ရော်ဘာသည် စက်မှုကုန်ကြမ်းဖြစ်သလို ပြည်တွင်းပြည်ပဝယ်လိုအားရှိသောကြောင့် စိုက်ပျိုးရန်သင့်တော်သည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်ဟုလည်း သိရသည်။ ထိုသို့တိုးတက်လာရခြင်းမှာ ပြည်တွင်းပြည်ပဝယ်လိုအားဈေးကွက်ရှိခြင်း၊ စိုက်ပျိုးနိုင်သော မြေ၊ ရေနှင့်ရာသီဥတုရှိခြင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက်ကလည်း စီမံကိန်းဝင်ကုန်ကြမ်းပစ္စည်းအဖြစ် သတ်မှတ်ပြီး စိုက်ပျိုးမြေယာများကိုချထားပေးခြင်း၊ စိုက်ပျိုးရန်သင့်တော်သောမျိုးများကိုရွေးချယ်ပေးခြင်း၊ တိုးချဲ့စိုက်ပျိုးရန်စည်းရုံးခြင်း၊ စိုက်နည်းစနစ်များကိုဖြန့်ဝေပေးခြင်း၊ ရော်ဘာသွင်းအားစုများကို တင်သွင်းခွင့်ရအောင်ဆောင်ရွက်၍ အဘက်ဘက်မှ အားပေးကူညီခြင်းတို့ကြောင့်ဖြစ်သည်။ ယခုအခါ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာတိုးတက်လာခဲ့သည်ဟုဆိုရပေမည်။

**ရော်ဘာမျိုးရွေးချယ်ခြင်းနှင့်မျိုးထုတ်ယူခြင်း**

သီးနှံပင် သို့မဟုတ် သစ်သီးဝလံပင် သို့မဟုတ် စက်မှုသွင်းအားစုအတွက် ကုန်ကြမ်းပင်တစ်မျိုးမျိုးကို စတင်စိုက်ပျိုးတော့မည်ဆိုလျှင် ပထမဆုံး မျိုးရွေးချယ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးခြင်းကို ပြည်ပနိုင်ငံများဖြစ်သည့် ဘရာဇီး၊ မလေးရှားတို့မှ မျိုးစေ့တင်သွင်းစိုက်ပျိုးခဲ့သည်။ အဆိုပါမျိုးစေ့များသည် အထွက်နှုန်းကောင်းမျိုးများဖြစ်ကြသည်။ ထိုမျိုးစေ့များမှထွက်ရှိသောမျိုးစေ့ကိုပင် ထပ်မံစိုက်ပျိုးခြင်းဖြင့် ရော်ဘာစိုက်ပျိုးမှုများပြားလာသည်ဟု ယူဆရပေမည်။ ယခုအခါ နိုင်ငံတော်အစိုးရကလည်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အားပေးလျက်ရှိသည်။ စိုက်ပျိုးသည့်တောင်သူများ စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် ရော်ဘာစိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးဌာနပိုင်ခြံများတွင် မျိုးကိုင်းများပွား၍ ဖူးဆက်ရော်ဘာမျိုးပင်များထုတ်လုပ်ပြီး နှစ်စဉ်နှစ်တိုင်း ဈေးနှုန်းချိုချိုသာသာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

**မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်မှု**

ရော်ဘာပင်သည် နှစ်ရှည်ပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ရေရှည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်နှင့် အထွက်နှုန်းကောင်းမျိုးကို ရွေးချယ်စိုက်ပျိုးကြရန်လိုသည်။ ရော်ဘာပင်သည် စိုက်ပျိုးပြီး ၇ နှစ်၊ ၈ နှစ်ခန့်တွင်အစေးခြစ်ယူနိုင်သည်။ ၁၅ နှစ်အတွင်း အရင်းကျေ၍ နှစ် ၃၀ အထိ အစေးထုတ်လုပ်နိုင်ပြီး အပင်ကိုခုတ်လှဲပြီး ရော်ဘာသစ်အဖြစ် ပြည်ပတင်ပို့နိုင်သည်ဟုသိရသည်။ ထို့ကြောင့် ရော်ဘာသည် အစိတ်အပိုင်းအားလုံး အသုံးဝင်သည်ဟုဆိုနိုင်သည်။ မြန်မာနိုင်ငံတွင် ရော်ဘာပင်ကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးထားပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အသင့်အတင့်စိုက်ပျိုးထားသည်။

**ပြည်ပသို့ရော်ဘာတင်ပို့မှုအခြေအနေ**

ရော်ဘာသည် သားရေပစ္စည်းများအတွက်အခြေခံကုန်ကြမ်းဖြစ်သည်။ အထူးသဖြင့် ယာဉ်အမျိုးမျိုးအတွက် တာယာထုတ်လုပ်ခြင်းဖြစ်သည်။ ရော်ဘာကို ပြည်ပသို့တင်ပို့ရာတွင် ကုန်ကြမ်းအဖြစ်တင်ပို့သည်ကများသည်။ မှိုင်းခံရော်ဘာနှင့် အဆင့်မြင့်ရော်ဘာများထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းသာ ပြည်တွင်းတွင်သုံးစွဲပြီး ကျန် ၉၀ ရာခိုင်နှုန်းကို ပြည်တွင်းရေကြောင်းနှင့်နယ်စပ်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်မူ စုစုပေါင်းရော်ဘာ ၂၉၉၆၃၉ တန်ကျော်တင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေစုစုပေါင်းအမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၀၄၂ သန်း ရှာဖွေပေးနိုင်ခဲ့သည်။ ထို့ပြင် အစေးမထုတ်နိုင်တော့သည့် သက်တမ်းလွန်ရော်ဘာပင်များကို ခုတ်လှဲပြီး ရော်ဘာသစ်ထုတ်လုပ်ကာ ပြည်ပတင်ပို့ရောင်းချခြင်းဖြင့်လည်း ပြည်ပဝင်ငွေရရှိခဲ့သည်။ ရော်ဘာသည် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သောအပင်တစ်မျိုးဖြစ်သည်။ ရော်ဘာကို စနစ်တကျတိုးချဲ့စိုက်ပျိုးထုတ်လုပ်ပါက နိုင်ငံ့စီးပွားကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

**ရော်ဘာအခြေခံထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာနိုင်ငံတွင် ရော်ဘာအခြေခံကုန်ချောထုတ်လုပ်မှုအလွန်နည်းသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ရော်ဘာကုန်ကြမ်းဖြင့် အခြေခံထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလုပ်ကြရန်လိုသည်။ ထို့ပြင် ရော်ဘာကုန်ကြမ်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အများအပြားဆောင်ရွက်ကြရန်လည်းလိုသည်။ စာရေးသူတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ လွန်ခဲ့သော ၂၀၁၀-၂၀၁၁ ခုနှစ်လောက်မှစ၍ ကားနှင့်မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များ သုံးစွဲမှုတွင်ကျယ်လာခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။ ယခုဆိုလျှင် နေရာတိုင်းလိုလို ကား၊ သုံးဘီးနှင့်ဆိုင်ကယ်များ၊ ထော်လာဂျီများကိုတွေ့ရသည်။ ထိုကဲ့သို့ ယာဉ်များသုံးစွဲမှုများလေလေ ထိုယာဉ်များအတွက်အသုံးပြုရန် တာယာထုတ်လုပ်မှုလည်း များလေလေဖြစ်သည်။ ထို့ပြင် လယ်ယာသုံးစက်ပစ္စည်းများတွင်လည်း တာယာပါသည်။ ထို့ပြင် အခြားပစ္စည်းများဖြစ်သော ရော်ဘာထုတ်ကုန်များဖြစ်သည့် ဖိနပ်အမျိုးမျိုး၊ ဘောလုံးနှင့်ရော်ဘာအခြေခံထုတ်ကုန်များအတွက် ရော်ဘာကို မဖြစ်မနေတိုးချဲ့စိုက်ပျိုးရန်လိုသည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမည်များတွင် ရော်ဘာပို့ကုန်သည်လည်း ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေသည်။ ထို့ကြောင့် ရော်ဘာအခြေခံထုတ်ကုန် သို့မဟုတ် ရော်ဘာကုန်ချောများဖြစ်သည့် ရော်ဘာစေးမှ လျှပ်ကာပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးနှင့် စက်မှုလက်မှုလုပ်ငန်းသုံးလက်အိတ်များ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီ၊ ထွန်စက်အပါအဝင် လယ်ယာသုံးစက်များ၏ဘီးများ၊ အိမ်အလှဆင်ပစ္စည်းများ စသည့် ရော်ဘာအခြေခံထုတ်ကုန် သို့မဟုတ် ရော်ဘာကုန်ချောကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်။ ထို့ပြင် သက်တမ်းကုန်ရော်ဘာပင်မှသစ်ထုတ်ယူ၍ သစ်ဖြင့်ပြုလုပ်သော ဗီရို၊ ထိုင်ခုံ၊ စားပွဲကဲ့သို့ လူ့အသုံးအဆောင်ပစ္စည်းများနှင့်ပရိဘောဂများကိုလည်း ပြုလုပ်သုံးစွဲနိုင်သည်။

> ■ **ရော်ဘာပင်သည် နှစ်ရှည်ပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ရေရှည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်နှင့် အထွက်နှုန်းကောင်းမျိုးကို ရွေးချယ်စိုက်ပျိုးကြရန်လိုသည်။ ရော်ဘာပင်သည် စိုက်ပျိုးပြီး ၇ နှစ်၊ ၈ နှစ်ခန့်တွင် အစေးခြစ်ယူနိုင် . . .**
>
> ■ **ရော်ဘာအခြေခံ MSME လုပ်ငန်းများကို ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်နိုင်ပါက ပြည်ပမှရော်ဘာတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ် . . .**
>
> ■ **သက်တမ်းကုန်ရော်ဘာပင်များမှ နိုင်ငံတကာအဆင့်မီ ရော်ဘာစက်မှုလက်မှုသစ်ချောပစ္စည်းများထုတ်လုပ်ခြင်း၊ ရော်ဘာသစ်ချောထည်လုပ်ငန်းများထူထောင်ပေးခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးအတွက်လည်း အခွင့်အလမ်းများဖြစ် . . .**

ထိုကဲ့သို့ ရော်ဘာကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်း၌ စက်မှုလက်မှုပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုလျှင် ပြည်တွင်းရှိ MSME လုပ်ငန်းများနှင့် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်သလို တစ်ဦးနှင့်တစ်ဦးလည်း အပြန်အလှန် အမှီသဟဲပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရော်ဘာကုန်ချောပစ္စည်းများထုတ်လုပ်ခြင်းဖြင့် နိုင်ငံစီးပွားကို မြှင့်တင်ကြရမည်ဖြစ်သည်။

**ရော်ဘာအရည်အသွေးမြင့်မားလာစေရေးကြိုးပမ်း**

ရော်ဘာထုတ်လုပ်မှုတိုးတက်ပြီး ရော်ဘာထုတ်ကုန်မှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်မည်ဆိုပါက ရော်ဘာထုတ်ကုန်တိုးတက်အောင် ဆောင်ရွက်ရန်လိုသည်။ ရော်ဘာထုတ်ကုန်တိုးတက်အောင် စိုက်ပျိုးဧရိယာများကို တိုးချဲ့ကြရမည်ဖြစ်သည်။ တိုးချဲ့စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်သည်။ အထူးသဖြင့် အထွက်နှုန်းနည်းသည့်ဧရိယာများနေရာတွင် စိုက်ပျိုးရေးဌာန၏ ထောက်ခံချက်ရသောမျိုးများဖြင့် ပြုလုပ်ထားသည့် ရော်ဘာပျိုးပင်များဖြင့် အစားထိုးစိုက်ပျိုးကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုရာတွင် နိုင်ငံမှ အခြေခံရော်ဘာထုတ်ကုန်များထုတ်လုပ်ရန် ပြည်ပမှမဝယ်ယူရဘဲ ပြည်တွင်း၌သာ လုံလုံလောက်လောက်ထုတ်လုပ်နိုင်ရန်ဖြစ်သည်။ ထို့ပြင် မိမိနိုင်ငံတွင် ရော်ဘာကုန်ကြမ်းများကို ထုတ်လုပ်လျက် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံ၏ ရော်ဘာထုတ်ကုန်ကဏ္ဍကိုတိုးမြှင့်ပြီး အရည်အသွေးကောင်းသောရော်ဘာများကို ထုတ်လုပ်ကြရန်လည်းလိုသည်။ စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန ဓာတ်ခွဲခန်းတွင် ပြည်ပတင်ပို့မည့်ရော်ဘာအရည်အသွေးကို မြန်မာ့စံချိန်စံညွှန်းနှင့်သတ်မှတ်ပြီးဖြစ်သည့် မြန်မာ့ရော်ဘာစံအရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်ချက်ရှစ်မျိုးဖြစ်သည့် ပြာပါဝင်မှုနှုန်း၊ အညစ်အကြေးပါဝင်မှုနှုန်း၊ နိုက်ထရိုဂျင်ပါဝင်မှုနှုန်း၊ အငွေ့ပြန်သောပစ္စည်းပါဝင်မှုနှုန်း၊ အသားသေသတ္တိ၊ အသားသေသတ္တိအညွှန်းကိန်း၊ အရောင်အညွှန်းကိန်းနှင့်စေးပျစ်နှုန်းတို့ကို စမ်းသပ်စစ်ဆေးပေးခြင်း၊ ရော်ဘာစက်ရုံများရှိအရည်အသွေးထိန်းဓာတ်ခွဲခန်းများတွင် အရည်အသွေးစစ်ဆေးမှုမှန်၊ မမှန်ကိုလည်း ဌာနရှိ ဓာတ်ခွဲခန်းများနှင့် ချိတ်ဆက်ပြီး ရော်ဘာအရည်အသွေးမြင့်မားလာစေရန်ဆောင်ရွက်လျက်ရှိသည်။

**ရော်ဘာထုတ်လုပ်မှုမှ နိုင်ငံဖွံ့ဖြိုးရေးဆီသို့**

ယခုအခါ နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်ကိုအခြေခံပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရော်ဘာစေးခြစ်ယူရန် ကျွမ်းကျင်လုပ်သားများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ ရော်ဘာစိုက်ပျိုးမှုမှသည် ကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ စာမျက်နှာ ၁၄ သို့ ➤

**★ စာမျက်နှာ ၁၅ မှအဆက်**

ယခုကဲ့သို့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်များထားရှိခြင်းကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် KG မှ စတင်ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလတန်းအရွယ်ကလေးများအပြင် ဆယ်ကျော်သက်အရွယ်ကလေးများတွင်ပါ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုပညာသင်နှစ်မှစတင်ပြီး Grade-12 အထိ စဉ်ဆက်မပြတ်လွှမ်းခြုံမှုရရှိအောင် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင်သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကိုရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးအရွယ်မှစပြီး ဘဝတစ်သက်တာတွင်အစာအမျိုးအမည်(၅)မျိုးပါအောင် စုံလင်စွာစားသောက်တတ်သည့် အလေ့အကျင့်နှင့်မိသားစုများပါ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝမျှတသော အစားအသောက်များ စားသုံးတတ်သည့်အလေ့အကျင့်ကောင်းများရရှိကျင့်သုံးကြရန်လိုကြောင်း၊ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းညှိနှိုင်းပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ် ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များထဲမှတစ်ခုဖြစ်သည့် သင်တန်းနှင့်သုတေသနလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိအခြေခံပညာအထက်တန်းကျောင်းများမှ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၁၁၅၅) ဦး၏ ကျန်းမာရေးဆိုင်ရာအခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်ကိုသိရှိရကြောင်း၊ အဆိုပါသုတေသနရလဒ်အရ ကိုယ်အလေးချိန်လျော့နည်းသည့် ကျောင်းသား၊ ကျောင်းသူ ၂၃ ရာခိုင်နှုန်းနှင့် အဝလွန်သည့် ကျောင်းသား၊ ကျောင်းသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူ သုံးပုံတစ်ပုံခန့်သာ တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှုရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူဆယ်ပုံတစ်ပုံခန့်က စိတ်ဖိစီးမှုများခံစားနေရကြောင်း၊ ဆယ်ကျော်သက် ကျောင်းသား၊ ကျောင်းသူများမှာ အီး-စီးကရက် (Vape) အပါအဝင် ဆေးလိပ်၊ အရက် ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးစမ်းသပ်သုံးစွဲမှုများရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့် ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့် လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့်ကျောင်းများဖြစ်စေရန်လိုအပ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင်ပေ (၁၀၀)အတွင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများရောင်းချခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဥပဒေအရပိတ်ပင်တားမြစ်ထားကြောင်း၊ ထို့ပြင် အီး-စီးကရက်နှင့် ဆက်စပ်ပစ္စည်းများသုံးစွဲခြင်းနဲ့ လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက်အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကျောင်းများတွင်ကျန်းမာရေးနှင့်ညီညွတ်သောအာဟာရပြည့်ဝသည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ဆေးလိပ်၊ Vape၊ အရက်နှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်း စသည့်ပညာပေးလှုပ်ရှားမှုအစီအစဉ်များတွင်ကျောင်းသား၊ ကျောင်းသူအားလုံး တက်ကြွစွာပါဝင်လာစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးကောင်းမွန်စေရေးနှင့် ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံလောက်သည့် အိပ်စက်ချိန်ရရှိရေး၊ စိတ်ဖိစီးမှုများခံစားနေရသည့် ကလေးများကို မိဘနှင့်ဆရာများကပူးပေါင်းပြီး ကူညီပံ့ပိုးမှုရှိသည့် ပတ်ဝန်းကျင်များ၊ အပြုသဘောဆောင်သည့်ဆက်ဆံရေးများနှင့် အားပေးကူညီခြင်းတို့ကိုလည်း သက်ဆိုင်သူအားလုံးကပူးပေါင်းပြီး ပိုမိုအလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသည့်လူသားအရင်းအမြစ်များဖြစ်ခြင်းကြောင့် ကလေးများကာယ၊ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများစားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှု အပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်ပါအချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းသားလူငယ်များဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပိုပြီး ထိရောက်စွာဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေးအလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု (ပထမဆု)ရရှိကြသည့် ကျောင်းများဖြစ်ကြသည့်အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာမူလတန်းအဆင့်တွင် ပထမဆုရရှိသည့်အခြေခံပညာမူလတန်းကျောင်း၊ တောင်ပို့ကြီး(မြောက်)၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှ ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ Video Clip နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများကသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှုအပေါ် နိုင်ငံတော်သမ္မတကသိရှိလိုသည်များမေးမြန်းဆွေးနွေးကာ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ်ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ဆရာ၊ ဆရာမများနှင့် မိဘများပူးပေါင်းပြင်ဆင် ချက်ပြုတ်ထားသည့် ဟင်းလျာများပြသထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများက အာဟာရပြည့်ဝကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာအုပ်စုများနှင့် တစ်နေ့တာကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံအကြောင်း ရှင်းလင်းတင်ပြမှု၊ KG ကျောင်းသား၊ ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့် မိဘများပူးပေါင်းပြင်ဆင် ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများကျွေးမွေးနေမှု၊ ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုတို့ကိုကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည်မူလတန်းကျောင်းသား၊ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း သရုပ်ပြသမှု၊ မူလတန်းကျောင်းသား၊ ကျောင်းသူများက စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြသမှု၊ ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့်၅ သန့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှု၊ အီး-စီးကရက် (Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးအန္တရာယ်များနှင့်ပတ်သက်၍ အဖွဲ့လိုက် အပြန်အလှန် ဆွေးနွေးလေ့လာလျက်ရှိမှု၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုလျက်ရှိမှု၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုအား KG၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှု၊ ပဏာမမျက်စိစောင့်ရှောက်မှုလုပ်ငန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှုနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

PPIB News

---

**➤ စာမျက်နှာ ၁၃ မှအဆက်**

ထုတ်လုပ်မှုအရည်အသွေးတိုးတက်အောင်မြင်ခြင်း၊ ထုတ်လုပ်မှုအရည်အသွေးတိုးတက်လာစေရေးနှင့် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် အသိပညာပေးခြင်း၊ လိုအပ်သောစက်မှုကုန်ကြမ်းများနှင့် ကုန်ကြမ်းတင်သွင်းခွင့်ရရှိစေရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပဝင်ငွေရရှိမှုတိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးသူများ၊ ကုန်ကြမ်းနှင့်ကုန်ချောထုတ်လုပ်သူများ အကျိုးအမြတ်ရရှိလာမည်ဖြစ်သည့်အပြင် နိုင်ငံတော်စီးပွားရေးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးလျက်ရှိသည်။ ရော်ဘာပင်သည် ဘက်စုံအသုံးဝင်သောအပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရွှေဖြူဟု ခေါ်ဆိုကြဟန်တူသည်။ ထို့ပြင် ရော်ဘာအခြေခံ MSME လုပ်ငန်းများကို ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်နိုင်ပါက ပြည်ပမှရော်ဘာတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ သက်တမ်းကုန် ရော်ဘာပင်များမှ နိုင်ငံတကာအဆင့်မီ ရော်ဘာစက်မှုလက်မှုသစ်ချောပစ္စည်းများထုတ်လုပ်ခြင်း၊ ရော်ဘာသစ်ချောထည်လုပ်ငန်းများထူထောင်ပေးခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးအတွက်လည်း အခွင့်အလမ်းများဖြစ်လာပေမည်။ အထူးသဖြင့် ရော်ဘာအခြေပြု MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းမှာ အဆိုပါ MSME လုပ်ငန်းများစနစ်တကျလည်ပတ်နိုင်စေရေးအတွက် လိုအပ်သောရော်ဘာကုန်ကြမ်းများကို ပြည်တွင်းမှရရှိအောင် ရော်ဘာစိုက်ဧကများတိုးချဲ့၍ ရော်ဘာအခြေခံထုတ်ကုန်များမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်မည်ဖြစ်သဖြင့် ရော်ဘာစိုက်ဧကကိုတိုးချဲ့စိုက်ပျိုးကြပါစို့ဟုသာ တိုက်တွန်းလိုက်ချင်ပါသည်။ ။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် "စုံအောင်စားစို့" တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**❖ ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့် ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့် လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့် ကျောင်းများဖြစ်စေရန်လိုအပ်၊ ကျောင်းပတ်ဝန်းကျင်ပေ(၁၀၀)အတွင်းဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့်ကြော်ငြာခြင်းတို့ကို ဥပဒေအရ ပိတ်ပင်တားမြစ်ထား၊ အီး-စီးကရက်နှင့်ဆက်စပ်ပစ္စည်းများသုံးစွဲခြင်းနဲ့ လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ် . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့် ၅ သန့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှုကို ကြည့်ရှုအားပေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးများ မိခင်ဝမ်းအတွင်း သန္ဓေသားအဖြစ်ရှိနေချိန်မှစတင်ပြီး လိုအပ်သည့် အာဟာရဓာတ်များနှင့်ပြည့်စုံစေရန်ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရပြည့်ဝရန်လည်းလိုအပ်ကြောင်း၊ မွေးဖွားပြီး မွေးကင်းစအရွယ်မှ ကလေးအသက်(၂)နှစ်ပြည့်သည်အထိ **"ဘဝရှေ့ဆောင်ရက်ပေါင်းတစ်ထောင်"** ကာလအတွင်း၌လည်း အာဟာရပြည့်ဝအောင် ပြုစုကျွေးမွေးစောင့်ရှောက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအာဟာရပြည့်ဝစွာစားသောက်နိုင်ရေးအတွက်လည်း ငွေကြေးထောက်ပံ့ပေးသည့်အစီအစဉ်(MCCT)ကို လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်(၇)ခုတွင်ရှိသည့်ဦးစားပေးဒေသများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး အသက်(၅)နှစ်အောက် ကလေးများ၏အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးပြုစုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုအခြေအနေကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည့်ပြုစုကုသမှုများပေးခြင်းတို့ကိုလည်း အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ရွာအခြေပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မူကြိုကျောင်းများတွင်လည်း ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည့် လုပ်ငန်းများကိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာရရှိစေရန်နှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားတစ်ဦးချင်းအလိုက် ကျောင်းကျန်းမာရေးစစ်ဆေးမှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အခြေခံပညာအတန်းအားလုံးလွှမ်းခြုံမှုရှိအောင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားရေးရာဝန်ကြီးဌာနတို့က တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး ထိထိရောက်ရောက် အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများရရှိစေရေး ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ကြားပေးခြင်း၊ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသည့်ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသည့်ရေရရှိရေးစသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များရရှိကျင့်သုံးစွဲမြဲစေရန် စနစ်တကျလက်ဆေးခြင်း၊ သွားတိုက်ခြင်းစသည်တို့ကို သင်ကြားပေးခြင်း၊ သွေးအားနည်းရောဂါကာကွယ်ရန် ကျောင်းအခြေပြုသန်ချဆေးတိုက်ကျွေးခြင်းနှင့် အလယ်တန်းနှင့်အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြားတစ်ပတ်လျှင်နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်းအစားအစာများ အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများဖြစ်သည့် ကျောင်းမုန့်ဈေးတန်းကိုလည်း ပုံမှန်စစ်ဆေးပြီး အာဟာရပြည့်ဝသည့် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကိုသာ ရောင်းချစေခြင်း၊ အစားအစာရောင်းချသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ပဏာမကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့်ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် အတွက် "ကျောင်းကျန်းမာရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကျောင်းကျန်းမာရေးကော်မတီများကို ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအပြင် လူမှုရေးအသင်းအဖွဲ့များ၊ အမှန်တကယ်စိတ်ပါဝင်စားစွာဆောင်ရွက်ပေးနိုင်သူများနှင့်ဖွဲ့စည်းပြီး ထိရောက်အောင်မြင်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**စာမျက်နှာ ၁၄ သို့** ★






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု (ပထမဆု) ရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု (ပထမဆု) ရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

★ ရှေ့ဖုံးမှအဆက်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိကြသည့် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၁)အခြေခံပညာအထက်




ဒုတိယသမ္မတ ဦးညိုစော ကျောင်းကျန်းမာရေးလုပ်ငန်းထူးချွန်ဆုရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောင်းကျန်းမာရေးလုပ်ငန်းထူးချွန်ဆုရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “ဘဝတွက်တာ ကျောင်းကျန်းမာ” သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးအတွက် **“လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ”**ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် **“ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”** ဟူသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်း

လာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သည့်လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန်အလွန်အရေးကြီးကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့်ကျန်းမာသည့်ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးအတွက် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့်ဖော်ဆောင်ပေးလျက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် KG ကျောင်းသား၊ ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့်မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးစဉ်။

ဘက်စုံ ကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

❖ **၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင်သေဆုံးမှုများကိုလျှော့ချရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်၊ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကိုရရှိမည်ဖြစ် . . .**

ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့်ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း သိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန်လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် **"ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်"** ကိုလည်း တစ်ချိန်တည်းဆောင်ရွက်ကြောင်းကိုသိရှိရကြောင်း။

ထိုသို့ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တို့ကို တစ်ချိန်တည်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်လျော်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန်တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၅ သို့ ★

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President U Min Aung Hlaing delivers speech at the ceremony to mark the School Health Week activity (Central Level) for 2026-2027 academic year



President U Min Aung Hlaing awards the headmistress of outstanding school in school health activities.

NAY PYI TAW August 10

A ceremony to mark the School Health Week activity (Central Level) for 2026-2027 academic year took place at the Myanmar International Convention Centre 1 (MICC I) in Nay Pyi Taw this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who awarded the outstanding schools in the school health activities.

On his arrival at the MICC I where the ceremony was held, the President was warmly welcomed by officials, students and health staff.

At the ceremony, the President pressed the button to launch the ceremony to mark the School Health Week activity (Central Level) for 2026-2027 academic year.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, departmental officials, senior medical superintendents of the central-level general hospitals, basic education teachers, school heads of schools which won outstanding awards for the school health activities, officials, health staff, students and invited guests.

Students from No 11 Basic Education High School in Zabuthiri Township, Nay Pyi Taw Council Area, presented a dance performance to the school health promotion song "School Health for Life".

Speaking on the occasion, the President stated that the government is accelerating the implementation of health-care services in the health sector with the guiding principle that **"Nothing is more important than human life,"** with the aim of ensuring that every citizen enjoys good health and physical fitness and lives a long and healthy life. In this regard, it is essential to adopt healthy lifestyles from early childhood through adulthood, in line with the principle that **"Only when one is healthy can one study, and only when one is healthy can one work."** In addition, healthy practices should be promoted among families and the wider community through students, so that a healthy society can be developed.

School health - care services in Myanmar date back to the colonial period. They are currently being implemented in accordance with the Health-Promoting School programmes prescribed by the World Health Organization, using a comprehensive school health system that goes beyond disease prevention to promote students' physical and mental health, nutrition and healthy lifestyles. Under this system, health staff provide health care services and health education to students, while the education sector incorporates the subject "Skills for Life" into school curricula to enhance students' health knowledge and awareness.

The entire people including health and education staff as well as parents of students have to participate in and provide assisance for implementation of the health-promoting school programme. As implementing

See Page - 21►►



President U Min Aung Hlaing observes display of documentary photos on school health activities.



President U Min Aung Hlaing views display of nutritious foods and fruits.

►► From Page - 21

lifestyles, while ensuring a clean environment through measures such as keeping schools free of waste, providing clean and hygienic fly-proof toilets, and ensuring access to clean water. Students should also be taught and encouraged to maintain personal hygiene practices, including proper handwashing and toothbrushing. School-based deworming programmes should be conducted to prevent anaemia, while iron tablets should be provided twice a week to female students in middle and high schools. School-based nutrition programmes will also be necessary. Measures must also be taken to ensure food safety in schools. School canteens and snack shops should be inspected regularly and permitted to sell only nutritious and healthy foods. Food vendors should undergo health examinations, while primary school health services, including regular eye and dental care, should also be provided.

A "Central School Health Committee" has already been formed to supervise school health programmes included in the National Health Plan and to ensure that health and physical fitness programmes for all students and young people are implemented more effectively and successfully. Similarly, School Health Committees should be formed at the regional and state, district, township and school levels, comprising education and health personnel as well as social organizations and individuals who are genuinely interested and capable of contributing, and they should be encouraged to work effectively and successfully.

It is understood that individual health examination record cards for students have been maintained since the 2022-2023 academic year, starting from Kindergarten (KG). Such health monitoring should cover not only primary school children but also adolescents. Therefore, starting from the current academic year, efforts should be made to ensure continuous coverage through Grade 12.

Moreover, as efforts are being made to increase life expectancy in the country by 2030, students should be trained from school age to adopt and maintain healthy lifestyles in order to reduce premature deaths. This will help produce human resources possessing the five strengths—physical, intellectual, moral, social and economic capabilities—needed for national development, with strong bodies and sound intelligence.

Therefore, children should be encouraged from an early age to develop lifelong habits of consuming a diverse and balanced diet containing all five food groups. Families should likewise develop good habits of consuming healthy, nutritious and balanced foods. The provision of school-based nutrition for KG students was launched in the 2024-2025 academic year through coordination between the Department of Public Health and the Department of Basic Education. The Ministry of Health has been allocated funds for the school nutrition programme, and an initial allocation of Ks-2.82 billion was made for the 2026-2027 academic year, with further increases in funding planned.

As part of training and research activities under the health-promoting school programme, a study was conducted in 2025 on the health conditions of 1,155 adolescent students aged 13 to 17 from basic education high schools in Myanmar. According to the research findings, 23 percent of the students were underweighted, while 4.5 percent were obese. Only about one-third of the students engaged in physical activity for at least one hour per week. Around one-tenth of the students were experiencing stress. The study also found that some adolescent students had experimented with or used cigarettes, alcoholic beverages and drugs, including e-cigarettes (vapes).

As a policy, all schools have already been designated as smoke-free schools, and it is necessary to ensure that they are smoke-free in practice as well. The sale and advertising of cigarettes and tobacco products are legally prohibited within 100 feet of school premises. In addition, the use and possession of e-cigarettes and related products are already prohibited by law. Therefore, these regulations must be strictly enforced in accordance with the law, with effective action taken against violations.

Measures must be taken at schools to encourage all students to actively participate in awareness-raising campaigns for healthy and nutritious lifestyles such as taking physical exercises and playing sports, and abstaining from vape, alcohol and drugs. As for mental health, all stakeholders are urged to cooperate and place emphasis on enabling students to get enough sleep and collectively helping by parents and teachers to students who are suffering from stress through helpful environments and positive relations.

As students today are human resources essential to national development in the future, it is necessary to place emphasis on school health and nutrition programs for all- round development including physical and mental growth of children. All stakeholders are urged to help students to firmly adopt healthy habits of eating healthy diets and healthy behaviours including abstaining from drinking, smoking, vaping and abusing drugs since childhood. All stakeholders are urged again to provide health-care services to students by reviewing data from their annual medical records and to take school healthcare and nutrition programs and all-round development of students seriously. In conclusion, the President urged all stakeholders to place emphasis on nurturing treasured sons and daughters of the future of the country who are healthy and strong in five strengths by carrying out school healthcare and advanced school healthcare programs more effectively.

Then, the President presented prizes to heads of schools, which won outstanding first awards in school healthcare at basic education high, middle and primary levels including No. 27 Basic Education High School, Pyigyitagon Township, Mandalay Region, No. 1 Basic Education Middle School, Dagon Township, Yangon Region and Basic Education Primary School - Taungbohgyi (North), Nyaungshwe Township, Southern Shan State.

Afterward, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye presented outstanding second and third awards at basic education high, middle and primary school levels to award-winning schools.

Then, the President and attendees enjoyed a video clip of programs for advanced school healthcare and the musical performance to the advanced school healthcare song titled "Let's Eat All Kinds of Nutritious Food Items." After the musical performance, the President and attendees posed for documentary photographs.

After the ceremony, the President and attendees observed documentary photographs commemorating School Health Week activity (Central Level) 2026-2027 academic year and the President gave necessary instructions on after discussing the needs based on reports of officials.

Then, the President and party observed the demonstration of cuisines collectively prepared by teachers and parents for feeding nutritious food at schools as a school healthcare week campaign held at No. 6 Basic Education High School, Zabuthiri Township, Nay Pyi Taw Council Area, discussions about healthy and nutritious food groups and healthy daily lifestyles by students, feeding nutritious cuisines to KG students prepared by teachers and parents and musical performance of school healthcare song," Let's Eat All Kinds of Nutritious Food Items," by students and the President, the Vice Presidents and party feed anthelmintic drugs and ferrous supplements to students according to their age groups.

Afterward, the President and party observed the demonstration of sanitation tasks such as covering, emptying, checking and changing,and systematic hand washing and correct teeth-brushing by primary students, group discussions of carrying out five healthy cleanliness at the school library by middle and high school students, learning by interactive group discussions about dangers caused by drinking, smoking including vaping e-cigarettes and abusing drugs, responses to health quizzes by students, basic medical check-ups for KG, primary, middle and high school students, eyecare for middle and high school students, check-ups for dental and oral hygiene and school healthcare operations one after another, before giving necessary instructions on reports of officials and warmly greeting students.

**Myawady**

# Ridge gourd in high demand at domestic market in Pantanaw Township

PANTANAW August 10

Daw Myat Maw, the owner of green grocery whoelsale depot in Pantanaw Township of Ayeyawady Region, said that ridge gourds are in high demand at the domestic market in Pantanaw Township.

In Pantanaw Township, locally produced ridge gourds have been traded at fresh produce markets from the second week of May this year up to the present day. Demand has been strengthening, with daily purchases currently ranging from 25,000 to 45,000 gourds, leading to brisk sales. The market price has reached up to Ks-27,500 per 100 gourds.

"The ridge gourds produced in this area are being purchased in large quantities by other townships. At present, up to 45,000 ridge gourds are being traded daily. Ridge gourd is one of the local products of Pantanaw Township. The ridge gourds currently selling well are of good quality. Since they are locally produced, consumers can enjoy affordable, clean, and fresh food products. Other regions are also purchasing ridge gourds from this local fresh produce market. As demand for these locally produced ridge gourds has increased, opportunities for vegetable farmers have become more favourable," said Daw Myat Maw.

At present, seasonal local vegetables, including ridge gourds, are being harvested in Pantanaw Township. Due to the strong demand and brisk sales of ridge gourds, preparations are being made to expand cultivation further. Since only local products are being sold, transportation costs are lower, and only fresh produce is traded, providing various benefits.

**SK**

# 34 illegal Chinese nationals in online gambling fraud operations arrested along with equipment near Seesaw Village, Laihka Township





Illegal Chinese nationals, engaged in online gambling fraud near Seesaw Village, Laihka Township, arrested along with their equipment.

NAY PYI TAW August 10

The Government of Myanmar is intensifying joint inspection and identification efforts with teams comprising relevant departmental officials in various regions and states, to ensure that online gambling fraud, which poses a global threat, finds no foothold whatsoever within Myanmar.

In the course of these operations, upon receiving information that online gambling fraud activities were being conducted in Laihka Township, Southern Shan State, combined Tatmadaw columns, including joint teams, carried out necessary search and verification procedures. This morning, at a point approximately 2,500 meters southeast of Seesaw Village, Laihka Township, they apprehended 17 illegal Chinese nationals who had been engaged in online gambling fraud, along with the following items used in their operations: one temporary work shelter tent measuring 50 feet in length, 20 feet in width, and 15 feet in height; one temporary living quarters tent measuring 60 feet in length, 20 feet in width, and 15 feet in height; one kitchen tent measuring 15 feet in length, 15 feet in width, and 10 feet in height; one temporary living quarters tent measuring 30 feet in length, 20 feet in width, and 15 feet in height; 10 Star Link units; 2 Star Link dishes; 25 laptops; 6 Power Stations; 6 Wifi U6 Pro units; 1 medium-sized freezer; plastic tables and chairs; and 2 generators.

Subsequently, the Tatmadaw columns conducted cordon and search operations around the area. They further apprehended 11 illegal Chinese nationals who had been engaged in online gambling fraud, at approximately 2,000 meters southeast of Seesaw Village, and another 6 illegal Chinese nationals who had been engaged in online gambling fraud, at approximately 1,700 meters south of Seesaw Village. In total, 34 illegal Chinese nationals involved in online gambling fraud operations were arrested.

After necessary interrogations of those apprehended for engaging in online gambling fraud are completed, they will be subjected to effective and severe legal action in accordance with existing laws, and the seized equipment will be processed according to established procedures.

The State is actively continuing its anti-online gambling fraud efforts, in collaboration with neighbouring countries, regional nations, and international organizations, to eradicate online gambling fraud offenses and to prevent such operations from establishing a foothold within Myanmar. **100**

Equipment used in online gambling fraud operations near Seesaw Village, Laihka Township, as seen on display.



Record photo of a medium-sized generator.



Record photo of a small generator (including dynamo).

## Myaungmya Township dispatches tender areca fruits to Yangon market

MYAUNGMYA August 10

Daw Kyi San, the owner of arecanut trading in Myaungmya Township of Ayeyawady Region, said that local merchants sent 70,000 viss of young areca fruits to Yangon market.

From Myaungmya Township, about 70,000 viss of young areca fruits were shipped and sold to the Yangon market. The rise in shipments of young areca fruits was reportedly due to strong demand from the domestic market.

"We shipped up to 70,000 viss of young areca fruits from Myaungmya Township to the Yangon market during August. The increase in orders for young areca fruits led to large shipments being sent to Yangon. At present, prices for young areca fruits are rising. Since trading is active, those involved in areca cultivation are now able to operate their businesses more smoothly," said Daw Kyi San.

Young areca fruits produced in Myaungmya Township are reportedly purchased directly from areca plantations by traders, systematically selected and packed, and then transported to Yangon for sale. From Yangon, they are further exported to foreign markets. Previously, there were only two markets for green and ripe areca fruits, but now young areca fruits are also being traded without growers having to wait until the fruits fully ripen. **SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nippon Foundation Honorary Chair calls on President of the Republic of the Union of Myanmar U Min Aung Hlaing

NAY PYI TAW August 10

Honorary Chair of the Nippon Foundation Mr. Yohei Sasakawa paid a countesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

At the meeting, they cordially exchanged views on current situations in Myanmar, where the government elected by the people is firmly continuing to pursue the country's democratic path and making efforts to achieve internal peace, the plans of the Honorary Chair of the Nippon Foundation to provide assistance to the best of his ability to support Myanmar's internal peace process as well as on assistance from the Nippon Foundation for assisting in rehabilitation efforts in flood-affected areas of Laymyethna Township in Ayeyawady Region, and plans of the Nippon Foundation to assist in enabling technological universities in Myanmar to offer courses on the construction of earthquake-resistant buildings. **Myawady**



President of the Republic of the Union of Myanmar U Min Aung Hlaing shakes hands with Honorary Chair of the Nippon Foundation Mr. Yohei Sasakawa.

►► **From Page - 18**

the programme, the school health week activities are conducted in the entire nation in the second week of August yearly. Likewise, **the nutrition development week for children under five and students** is also implemented in the second week of August annually.

By conducting School Health Week and the Student and Youth Nutrition Development Week simultaneously, students can receive health examination, while their height, weight and nutritional status can also be measured and assessed. In addition, nutritional deficiencies, obesity and growth and development problems among students can be identified at an early stage, enabling parents, teachers and health staff to work together to provide appropriate health care. These measures will help promote students' physical fitness and intellectual development, regular school attendance, learning capacity and academic achievement, thereby contributing to the development of valuable, educated human resources for the country in the future.



President U Min Aung Hlaing looks into preparing nutritious meals for students.

To ensure the comprehensive physical and intellectual development of students and youth, it is essential to ensure that expectant mothers receive adequate nutrition so that children receive the necessary nutrients from the time they are in the womb. It is also important to provide adequate nutrition and proper care during the **"First 1,000 Days"** period, from birth until a child reaches two years of age. Therefore, during this period, the Department of Social Welfare is implementing a Maternal and Child Cash Transfer (MCCT) programme in priority areas of seven regions and states, in cooperation with relevant departments, including the Department of Public Health, to support adequate nutrition for pregnant women and children. Furthermore, basic health staff are providing community-based services, including health education on providing adequate and balanced nutrition appropriate to each age group, regular monitoring of nutritional status, and necessary care and treatment to promote the nutritional development of children under five. In addition, health-care services at preschools should be further strengthened and accelerated in cooperation with the Department of Social Welfare.

For the healthy and all-round development of students and young people, greater emphasis should be placed on ensuring that school-age children receive adequate and balanced nutrition, as well as on organizing sports competitions. Basic education schools should be developed to meet established health standards, while individual student health examinations should be conducted systematically and effectively with proper records maintained. Coverage of school health services should also be expanded to include all basic education grades. To achieve these objectives, the Ministry of Education, Ministry of Health, and Ministry of Sports Affairs must work together to ensure effective implementation.

In implementing health-promoting school programmes in cooperation between the Ministry of Education and the Ministry of Health, schools must provide life-skills education to promote healthy diets and



President U Min Aung Hlaing views participation of students in school health activities.

**See Page - 19**►►

# စောင့်ရှောက်ခံသူကိုမလိုချင်တော့တဲ့ အမေရိကန်ရဲ့ အာရှ-ပစိဖိတ်ဒေသ မဟာဗျူဟာအသစ်

၂၁ရာစုရဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေးနဲ့ စစ်ရေးအာဏာချိန်ခွင်လျှာဟာ အရှေ့အလယ်ပိုင်းဒေသနဲ့ ဥရောပဒေသတွေထံမှ အင်ဒို-ပစိဖိတ်ဒေသထံသို့ သိသိသာသာ ရွှေ့လျားပြောင်းလဲလာခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ်တက်လှမ်းလာနေတဲ့ တရုတ်နိုင်ငံရဲ့ စစ်ရေးနဲ့စီးပွားရေး ဩဇာလွှမ်းမိုးမှုမြင့်တက်လာခြင်း၊ တပ်မတော်ကို အဆင့်မြှင့်တင်လာခြင်း၊ ထိုင်ဝမ်ရေလက်ကြား၊ တောင်တရုတ်ပင်လယ်တို့အတွင်း စစ်ရေးအရ တင်းမာမှုများမြင့်တက်လာခြင်းတို့ကြောင့် အာရှ-ပစိဖိတ်ဒေသဟာ ကမ္ဘာ့အရေးပါဆုံး စစ်ရေးပြိုင်ကွင်းကြီးတစ်ခုဖြစ်လာခဲ့တာပါ။

ဒီလိုအခြေအနေမျိုးမှာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးမူဝါဒအပြောင်းအလဲများဟာ ဒေသတွင်းနိုင်ငံများအတွက် ပဓာနကျလွန်းလှပါတယ်။ မကြာသေးမီက မနီလာမြို့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း အမေရိကန်ကာကွယ်ရေးမူဝါဒဆိုင်ရာ ဒုတိယဝန်ကြီးအဲဘရစ်ကိုဘီပြောခဲ့တဲ့ စကားတွေဟာ အမေရိကန်ရဲ့ အာရှဆိုင်ရာစစ်ရေးမဟာဗျူဟာအသစ်ကို အထင်းသား မီးမောင်းထိုးပြလိုက်တာဖြစ်ပါတယ်။ အမေရိကန်အနေနဲ့ အာရှဒေသကနေ လုံးဝထွက်ခွာသွားမှာမဟုတ်ဘဲ ပိုမိုအမြစ်တွယ်အောင် ပြင်ဆင်နေကြောင်း အတည်ပြုထားသလို၊ မဟာမိတ်နိုင်ငံတွေအနေနဲ့လည်း အမေရိကန်ရဲ့လုံခြုံရေးထီးရိပ်အောက်မှာ လုံးဝမှီခိုနေတဲ့စောင့်ရှောက်ခံများမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက် ဘတ်ဂျက်နဲ့ စစ်ရေးစွမ်းရည်တိုးမြှင့်တာဝန်ယူနိုင်တဲ့ မဟာမိတ်စစ်စစ်များအဖြစ်ရောက်ရှိလာဖို့ တောင်းဆိုလိုက်တာပါ။

ကိုဘီရဲ့ပြောဆိုချက်တွေကိုသုံးသပ်ရမယ်ဆိုရင် အမေရိကန်ဟာ အာရှဒေသမှ ခွာစစ်ဆင်မယ်ဆိုတဲ့ ယူဆချက်တွေကို လုံးဝပယ်ဖျက်လိုက်ပြီး အင်ဒို-ပစိဖိတ်ဒေသရှိ ကူရိုင်းကျွန်းစုမှအစပြု၍ ဂျပန်၊ ထိုင်ဝမ်ကျွန်း၊ ဖိလစ်ပိုင်နဲ့ ဘော်နီယိုကျွန်းအထိ တန်းစီတည်ရှိနေတဲ့ ပထမကျွန်းဆက်တန်းတစ်လျှောက် ဟန့်တားရေးစွမ်းအားကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမှာဖြစ်တယ်လို့သုံးသပ်နိုင်ပါတယ်။ စစ်ရေးမဟာဗျူဟာအရ ဒီကျွန်းဆက်တန်းဟာ တရုတ်ရေတပ်အနေနဲ့ ပစိဖိတ်သမုဒ္ဒရာရေပြင်ဆီ အဟန့်အတားမရှိထွက်ခွာနိုင်ရေးအတွက်အဓိကအတားအဆီးသဘာဝတံတိုင်းကြီးလည်းဖြစ်ပါတယ်။ အမေရိကန်က ဒီကျွန်းဆက်တန်းတစ်လျှောက် အဆင့်မြင့်ဒုံးကျည်စနစ်များ တပ်ဆင်ခြင်း၊ ရေတပ်နဲ့ လေတပ်အခြေစိုက်စခန်းများ တိုးချဲ့ခြင်းနဲ့ ထောက်လှမ်းရေးစနစ်များ ပေါင်းစပ်ခြင်းဖြင့် စစ်ရေးအရပိုမိုအမြစ်တွယ်အောင်ပြုလုပ်သွားမှာပါ။ အဓိကရည်ရွယ်ချက်က ထိုင်ဝမ်ကျွန်းအရေးဖြစ်စေ၊ တောင်တရုတ်ပင်လယ်အရေးဖြစ်စေ တစ်နေရာရာမှာ တရုတ်နိုင်ငံနဲ့ထိပ်တိုက်တွေ့လာခဲ့ရင် ဖြစ်လာနိုင်တဲ့တိုက်ခိုက်မှုတွေမှာ ကြိုတင်လက်ဦးမှုရယူနိုင်ရေးနဲ့ ဟန့်တားနိုင်ရေးတို့အတွက် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်က မဟာမိတ်တွေအပေါ်ထားရှိတဲ့ မျှော်လင့်ချက်ဟာလည်း သိသိသာသာပြောင်းလဲသွားခဲ့ပါတယ်။ ကိုဘီက "အမေရိကန်နိုင်ငံဟာ မိမိကိုပဲ လုံးဝမှီခိုနေမယ့် စောင့်ရှောက်ခံနိုင်ငံတွေကို လိုက်လံရှာဖွေနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရှာဖွေနေတာက အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မယ့် မဟာမိတ်စစ်စစ်တွေကိုပါ" လို့ ပွင့်လင်းစွာပြောထားပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးနဲ့ စစ်အေးတိုက်ပွဲကာလအတွင်း အမေရိကန်ဟာ ဂျပန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင် စတဲ့မဟာမိတ်နိုင်ငံတွေအတွက် လုံခြုံရေးထီးရိပ်မိုးပေးကာ စစ်စရိတ်နဲ့ အဓိကစစ်အင်အားကို ဒိုင်ခံတာဝန်ယူပေမယ့် လက်ရှိပြောင်းလဲလာတဲ့ အခြေအနေများအရ အမေရိကန်တစ်နိုင်ငံတည်း ဘတ်ဂျက်နဲ့ စစ်အင်အားဖြင့် ကမ္ဘာ့နေရာအနှံ့ကို အပြည့်အဝကာကွယ်စောင့်ရှောက်ပေးဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် မဟာမိတ်နိုင်ငံများအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံဂျီဒီပီရဲ့ ၂ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုပြီး တိုးမြှင့်သုံးစွဲရန်၊ ဒရုန်းရန်နဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကဲ့သို့ ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်ရန်နဲ့ ဒေသတွင်း လုံခြုံရေးပြဿနာများဖြစ်ပွားလာချိန်မှာ အမေရိကန်ကိုချည်း မျှော်လင့်မနေဘဲ ဦးဆောင်ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုလာတာဖြစ်ပါတယ်။

ဒီလိုမျိုးတာဝန်ခွဲဝေမှု မူဝါဒအသစ်ကို ပုံဖော်နိုင်ဖို့အတွက် ကိုဘီရဲ့ အရှေ့တောင်အာရှခရီးစဉ်ကို အမေရိကန်ရဲ့ရှေးအကျဆုံး မဟာမိတ်စာချုပ်ဝင် ဖိလစ်ပိုင်နိုင်ငံမှ စတင်ခဲ့ပြီး အင်ဒိုနီးရှား၊ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့သို့ ဆက်လက်ထွက်ခွာမှာဖြစ်ပါတယ်။ ဖိလစ်ပိုင်မှာတော့ EDCA သဘောတူညီချက်အရ စစ်အခြေစိုက်စခန်းများ တိုးချဲ့အသုံးပြုခွင့်ရရှိထားပြီး ကာကွယ်ရေးစွမ်းရည် တိုးမြှင့်ပေးဖို့ ဆောင်ရွက်နေသလို၊ ဒေသတွင်းအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ပင်လယ်ပြင်လုံခြုံရေးနဲ့ ဆိုက်ဘာလုံခြုံရေးတို့မှာ ပူးပေါင်းဖို့ကြိုးပမ်းနေပါတယ်။ ဒါ့အပြင် တရုတ်နဲ့စီးပွားရေးအရ နီးကပ်သွားတဲ့ အစဉ်အလာမဟာမိတ်ထိုင်းနိုင်ငံနဲ့ စစ်ရေးဆိုင်ရာ ဟန်ချက်ညီစေဖို့ဆောင်ရွက်နေပြီး ကမ္ဘောဒီးယားနိုင်ငံသို့သွားရောက်ခြင်းဖြင့်လည်း တရုတ်ရဲ့စစ်ရေးလွှမ်းမိုးမှုကိုထိန်းညှိရန်နဲ့ သံတမန်ရေးအရ တံခါးဖွင့်ထားရန် ကြိုးပမ်းလျက်ရှိပါတယ်။

သို့သော်လည်း အမေရိကန်၏ ဒီလိုတာဝန်ခွဲဝေမှုတောင်းဆိုချက်ဟာ အာရှ-ပစိဖိတ်မဟာမိတ်နိုင်ငံများအတွက်ကြီးမားတဲ့ စိန်ခေါ်မှုများကို ဆောင်ကြဉ်းလာပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်ကဲ့သို့နိုင်ငံများအတွက် စစ်အသုံးစရိတ်ပိုမိုသုံးစွဲရခြင်းက ပညာရေး၊ ကျန်းမာရေးနဲ့ အခြေခံအဆောက်အဦ လိုအပ်ချက်များအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှနိုင်ငံအများစုအတွက် တရုတ်နိုင်ငံဆိုတာ အဓိကကုန်သွယ်ဖက်ဖြစ်နေပြီး အမေရိကန်ဆိုတာက အဓိကလုံခြုံရေးအာမခံသူဖြစ်နေရာ စစ်ရေးအရ ပိုမိုတက်ကြွစွာ ပါဝင်လာပါက ကျွဲနှစ်ကောင်ခတ်ရာကြားမှာ မြေစာပင်ကဲ့သို့ဖြစ်လာနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်နဲ့ တရုတ်တို့ကြားမှာ စစ်ရေးအရထိတွေ့မှု ပိုမိုပြင်းထန်လာပါက ဘက်မလိုက်ရေးကို ကိုင်စွဲထားတဲ့ ဒေသတွင်းနိုင်ငံများကြား စည်းလုံးရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။

ခြုံငုံသုံးသပ်ရရင် အမေရိကန်အစိုးရရဲ့ ထုတ်ပြန်ချက်များဟာ အင်ဒို-ပစိဖိတ်ဒေသအတွင်း အမေရိကန်ရဲ့လက်တံဖြန့်ကြက်မှုနဲ့ မဟာဗျူဟာအပြောင်းအလဲတစ်ခုကို အထင်အရှားပြသနေပါတယ်။ အမေရိကန်နိုင်ငံက အာရှဒေသမှ ထွက်ခွာသွားမှာမဟုတ်ဘဲ ပထမကျွန်းဆက်တန်းတစ်လျှောက်မှာ ပိုမိုခိုင်မာစွာခြေကုပ်ယူသွားမည်ဖြစ်သော်လည်း၊ ယခင်ကကဲ့သို့ တစ်ဦးတည်း ဒိုင်ခံကာကွယ်ပေးနေမယ့်စနစ်ကိုစွန့်လွှတ်ကာ မဟာမိတ်နိုင်ငံများ ကိုယ်တိုင် ကိုယ့်တာဝန်ကိုယ်ပိုယူကြဖို့ကို တောင်းဆိုလိုက်တာပါ။ ဒီအပြောင်းအလဲကြောင့် မဟာမိတ်တွေမှာ ခိုင်မာမှုပိုရလာတယ်ဆိုရင် တရုတ်နိုင်ငံရဲ့စစ်ရေးတိုးချဲ့မှုကိုပိုမိုထိရောက်စွာ ဟန့်တားနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အခြားတစ်ဖက်မှာတော့ ဒေသတွင်း စစ်ရေးအင်အားပြိုင်ပွဲများကို ပိုပြင်းထန်လာစေနိုင်ပါတယ်။ ဒါကြောင့် ရှေ့အနာဂတ်မှာ အာရှ-ပစိဖိတ်ဒေသရဲ့ တည်ငြိမ်ရေးဟာ အမေရိကန်နဲ့ တရုတ်တို့ကြား ထိတွေ့ဆက်ဆံမှုအပေါ်မှာသာမက ဒေသတွင်း မဟာမိတ်နိုင်ငံများအနေနဲ့ကလည်း ကိုယ့်ရဲ့လုံခြုံရေး၊ စီးပွားရေးနဲ့အချုပ်အခြာအာဏာကို ဘယ်လိုဟန်ချက်ညီညီ ထိန်းကျောင်းသွားမလဲဆိုတဲ့စွမ်းရည်အပေါ်မှာပါ များစွာမူတည်နေမှာဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပါတယ်။



**Ref: SCMP**

ထက်မြတ်

# ဟော်မုဇ်ရေလက်ကြားဖြတ်သန်းခ ကောက်ခံသင့်ကြောင်း အီရန်ပြော



တီဟီရန်၊ နိုင်ငံရေး

ဟော်မုဇ်ရေလက်ကြားအတွင်း ရေကြောင်းဆိုင်ရာဝန်ဆောင်မှုတွေအတွက် ရေလက်ကြားဖြတ်သန်းတဲ့အဖိုးအခ ကောက်ခံသင့်တယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာဂါအီက ဩဂုတ်လ ၁၀ ရက်မှာ ပြောလိုက်ပါတယ်။ ရေလက်ကြားအတွင်း လမ်းကြောင်းအသစ်သတ်မှတ်ဖို့ အီရန်နဲ့ အိုမန်တို့ကြားညှိနှိုင်းဆွေးနွေးမှုတွေမှာ ရေကြောင်းဝန်ဆောင်ခကောက်ခံရေးကိစ္စပါဝင်ခြင်း ရှိ၊ မရှိ သတင်းထောက်တွေက အပတ်စဉ် သတင်းစာရှင်းလင်းပွဲမှာမေးမြန်းရာ ဘာဂါအီက "ယေဘုယျအားဖြင့်တော့ ရေကြောင်းဝန်ဆောင်မှုတွေ ပေးအပ်တဲ့အခါမှာ ဝန်ဆောင်ခပြန်လည်ရရှိရမှာ ဖြစ်တယ်" လို့ ပြန်ဖြေခဲ့တာဖြစ်ပါတယ်။

ဒီအဆင့်မှာတော့ အဲဒီလိုအသေးစိတ်အချက်အလက်တွေကို မဆွေးနွေးရသေးကြောင်းနဲ့ ဆွေးနွေးမှုတွေကိုဆက်လုပ်နေတုန်းဖြစ်သလို လုပ်ထုံးလုပ်နည်းဆိုင်ရာအချက်အလက်တချို့ကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ကြောင်း သူကဆက်ပြောထားပါတယ်။ "အီရန်နဲ့ အိုမန်တို့ကြားဆွေးနွေးမှုတွေဟာ အဆင်ပြေချောမွေ့ပြီး အပြုသဘောဆောင်လျက်ရှိတယ်" လို့ ဘာဂါအီကမှတ်ချက်ချခဲ့ပါတယ်။ ဒါ့အပြင် ရေလက်ကြားအတွင်း ဘေးကင်းလုံခြုံတဲ့သင်္ဘောသွားလာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေကြောင်းဝန်ဆောင်မှုပေးအပ်ရေးနဲ့ ရာဇဝတ်မှုနှိမ်နင်းရေးတို့အတွက် လုပ်ငန်းစဉ်တွေကို ထူထောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Ref: IE**

## ဖိလစ်ပိုင်မှာရေကြီးပြီး မြေပြိုမှုများ ဖြစ်ပွားခြင်းကြောင့် လူ ၁၃ ဦးသေဆုံး


**မနီလာ၊ သဘာ၀ဘေး**

ဖိလစ်ပိုင်နိုင်ငံမှာ မရပ်မနားမိုးသည်းထန်စွာရွာသွန်းမှုများကြောင့်ဖြစ်ပွားတဲ့ ရေကြီးမှုများနဲ့မြေပြိုမှုများကြောင့် အနည်းဆုံးလူ ၁၃ ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးနေတယ်လို့ တာဝန်ရှိသူများက ဩဂုတ်လ ၁၀ ရက်မှာထုတ်ပြန်ထားပါတယ်။

အခုလိုမျိုးအနောက်တောင်မုတ်သုံလေဝင်ရောက်မှုကြောင့် ပြည်နယ် ၃၃ ခုမှာရှိတဲ့ လူဦးရေ ၅ သိန်းကျော်ဟာ သဘာ၀ဘေးဒဏ်ကိုခံစားနေရတယ်လို့ ဖိလစ်ပိုင်အစိုးရရဲ့ အမျိုးသားဘေးအန္တရာယ်ဖြစ်ပွားမှုလျှော့ချရေးနဲ့စီမံခန့်ခွဲရေးကောင်စီက ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် သဘာ၀ဘေးများကြောင့် နေအိမ်ရာပေါင်းများစွာနဲ့ အခြေခံအဆောက်အအုံများစွာမှာလည်း ပျက်စီးမှုများဖြစ်ပွားရတယ်လို့ဆိုပါတယ်။

တောင်တန်းဒေသတစ်ခုဖြစ်တဲ့ ဘာကွီအိုဒေသမှာ မြေပြိုမှုအတွင်းလူလေးဦးသေဆုံးနေတဲ့အပြင် ခြောက်ဦးပျောက်ဆုံးတာကြောင့် ကယ်ဆယ်ရေးသမားအယောက် ၁၅၀ က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို အလုညံ့ကျလုပ်ဆောင်နေရပါတယ်။

**Ref: ST**



## အင်ဒိုနီးရှားရှိ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှာ သေနတ်အလက် ၁၀၀၀ နီးပါးတွေ့ရှိမှု လုံခြုံရေးစိုးရိမ်မှုမြင့်တက်စေ

**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံရှိ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှာ သေနတ်အလက်ပေါင်း ၁၀၀၀ နီးပါးကို ရှာဖွေတွေ့ရှိရတဲ့အတွက် ဒီဖြစ်စဉ်ဟာ ကျောင်းသားတွေအတွက် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုကို မြင့်တက်လာစေပါတယ်။ ရဲတပ်ဖွဲ့က ဟာရာပန်အီဘူအစ္စလာမ်မစ်ကျောင်းဖောင်ဒေးရှင်းပိုင်တဲ့ ကိုယ်ပိုင်ကျောင်းတစ်ကျောင်းရဲ့အခန်းတစ်ခန်းမှာ လေသေနတ် ၉၉၅ လက်နဲ့ သေနတ်အစစ်တစ်လက်တို့ကို ဩဂုတ်လ ၇ ရက်မှာရှာဖွေတွေ့ရှိသိမ်းဆည်းလိုက်နိုင်တာဖြစ်တယ်လို့ ဒေသတွင်းသတင်းဌာနများက ဩဂုတ်လ ၁၀ ရက်မှာထုတ်ပြန်ထားပါတယ်။

ဖောင်ဒေးရှင်းရဲ့ဥက္ကဋ္ဌဟောင်းဖြစ်တဲ့ IWD ဆိုသူက အဲဒီအခန်းကိုအသုံးပြုနေတာဖြစ်ပြီး သူ့ကိုဖောင်ဒေးရှင်းကနေထုတ်ပယ်ပြီးနောက် ဒီအခန်းကိုရှင်းလင်းရေးလုပ်ရာမှာ အခုလိုမျိုးသေနတ်အလက်ပေါင်း ၁၀၀၀ နီးပါးကိုတွေ့ရှိရတာဖြစ်ပါတယ်။ ဒီသေနတ်တွေဟာ အားကစားသုံးနဲ့ ကျောင်းတွင်းသေနတ်ပစ်လေ့ကျင့်ခန်းသင်ခန်းစာအတွက်အသုံးပြုတာဖြစ်တယ်လို့ IWD ရဲ့ရှေ့နေကပြောထားပါတယ်။ ဒါပေမဲ့လည်း ကျောင်းမှာသေနတ်ပစ်လေ့ကျင့်ခန်းအတွက်သင်ရိုးမရှိဘူးလို့ ဖောင်ဒေးရှင်းဘက်မှရှေ့နေကပြောပါတယ်။

ဒါကြောင့် အခုဖြစ်စဉ်နဲ့ပတ်သက်ပြီး ရဲတပ်ဖွဲ့ဝင်များအနေနဲ့ စုံစမ်းစစ်ဆေးရေးကို ပွင့်လင်းမြင်သာမှုရှိစွာလုပ်ဆောင်ဖို့နဲ့ အပြုသဘောဆောင်စွာလုပ်ဆောင်ဖို့ လွှတ်တော်အမတ်တစ်ဦးက တောင်းဆိုထားပါတယ်။ လက်ရှိမှာတော့ နောက်ထပ်အခန်းတစ်ခန်းကိုလည်း ရှာဖွေစစ်ဆေးမှုတွေလုပ်ဖို့ရှိနေတဲ့အတွက် ကျောင်းသားများကို ဩဂုတ်လ ၁၀ ရက်မှစပြီး အွန်လိုင်းစနစ်ဖြင့်သာ သင်ကြားပေးမယ်လို့ဆိုပါတယ်။

**Ref: SCMP**

## ကမ္ဘာ့သမုဒ္ဒရာ ရေမျက်နှာပြင်အပူချိန် ဇူလိုင်လအတွင်း စံချိန်သစ်တင်မြင့်တက်ခဲ့

**ဘရပ်ဆဲ၊ ရာသီဥတု**

ကမ္ဘာ့သမုဒ္ဒရာရေမျက်နှာပြင် အပူချိန်တွေဟာ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း စံချိန်တင်မြင့်တက်ခဲ့တယ်လို့ ဥရောပသမဂ္ဂရဲ့ရာသီဥတုပြောင်းလဲမှုစောင့်ကြည့်ရေးအဖွဲ့က ဩဂုတ်လ ၁၀ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။ အပူပိုင်းပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပေါ်နေတာကြောင့် ရေပြင်အပူချိန်တွေ သာမန်ထက်ပိုမိုပူနွေးလာတာပါ။

သမုဒ္ဒရာရေမျက်နှာပြင် ပျမ်းမျှအပူချိန်ဟာ ၂၀ ဒသမ ၉၆ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လက စံချိန်ဟောင်းဖြစ်တဲ့ ၂၀ ဒသမ ၈၉ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားခဲ့ပါတယ်။ ဥရောပတိုက်ရဲ့ပတ်ဝန်းကျင်ရေပြင်တွေမှာလည်း အတ္တလန္တိတ်နဲ့မြေထဲပင်လယ်ဒေသတွေအထိ သမုဒ္ဒရာအပူလှိုင်းတွေ ပြင်းထန်စွာ ရိုက်ခတ်ခဲ့ပါတယ်။

ကမ္ဘာ့လေထုအပူချိန်ဆိုရင်လည်း ပြီးခဲ့တဲ့ ဇူလိုင်လဟာ သမိုင်းတစ်လျှောက် ဒုတိယမြောက်အပူဆုံးသောဇူလိုင်လအဖြစ် စံချိန်ဝင်ခဲ့ပါတယ်။ အထူးသဖြင့် အနောက်ဥရောပဒေသမှာ မေလကတည်းက အပူလှိုင်းတွေ အဆက်မပြတ်ရိုက်ခတ်ခဲ့တာကြောင့် ဇွန်လနဲ့ ဇူလိုင်လနှစ်လတာ ပျမ်းမျှအပူချိန်ဟာ ၂၁ ဒသမ ၆၂ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိကာ သမိုင်းတစ်လျှောက်အပူဆုံးစံချိန်သစ်တင်ခဲ့ပါတယ်။

ဒါ့အပြင် ပူပြင်းခြောက်သွေ့ရာသီဥတုကြောင့် အနောက်ဥရောပဒေသတစ်ခွင်မှာ တောမီးလောင်မှုတွေထိန်းမနိုင်သိမ်းမရ ဖြစ်ပွားနေပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် အရင်ကတောမီးမလောင်ဘူးတဲ့ မြောက်ပိုင်းဒေသအထိ တောမီးအန္တရာယ်ကူးစက်လာပြီး ထွက်လာတဲ့ မီးခိုးငွေ့တွေဟာ လေထုအရည်အသွေးကို မိုင်ပေါင်းထောင်ဂဏန်းအထိ ဆိုးရွားစွာထိခိုက်စေကြောင်း ပညာရှင်တွေက သတိပေးထားပါတယ်။

**Ref: Xinhua**

## ထိုင်းမှာ လွှတ်တော်အမတ်ဟောင်းက ပြည်နယ်အုပ်ချုပ်ရေးမှူးကို သေနတ်ဖြင့်ပစ်ခတ်




**ဗန်ကောက်၊ မှုခင်း**

မကြာသေးခင်က စာသင်ကျောင်းတစ်ကျောင်းထဲဝင်ပြီး ကျောင်းသားကသေနတ်ပစ်ခတ်မှုလုပ်ခဲ့တဲ့ နွန်သဘူရီပြည်နယ်မှာပဲ ဩဂုတ်လ ၁၀ ရက်မှာ လွှတ်တော်အမတ်ဟောင်းတစ်ဦးက ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးကို ရုံးထဲအထိဝင်ပြီး သေနတ်နဲ့ပစ်ခတ်မှုလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုပစ်ခတ်မှုလုပ်ဆောင်ရခြင်းဟာ အကြမ်းဖက်မှုမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးအခြေအနေကြောင့် ဖြစ်တယ်လို့ ရဲတပ်ဖွဲ့ကထုတ်ပြန်ထားပါတယ်။

ပစ်ခတ်မှုကိုကျူးလွန်သူက လွှတ်တော်အမတ်ဟောင်း ချာလောင်းရီရန်းဖြစ်ပါတယ်။ သူက အုပ်ချုပ်ရေးမှူးနဲ့ပုဂ္ဂိုလ်ရေးအရအငြင်းပွားမှုတစ်ခုအတွက် မျက်နှာချင်းဆိုင်ဖြေရှင်းဖို့သွားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးမှူးက သူ့ကိုလက်ခံတွေ့ဆုံခြင်းမပြုဘဲ ကားနဲ့ထွက်သွားချိန်မှာ သေနတ်ကိုဆွဲထုတ်တာမြင်လိုက်ရတဲ့အတွက် အခုလိုမျိုးပစ်ခတ်လိုက်ရခြင်းဖြစ်တယ်လို့ ရဲတပ်ဖွဲ့ရဲ့ဖမ်းဆီးခြင်းခံထားရတဲ့ ချာလောင်းရီရန်းကပြောပါတယ်။

ဒီဖြစ်စဉ်မှာ အုပ်ချုပ်ရေးမှူးက ရရှိတဲ့ဒဏ်ရာတွေနဲ့ပဲသေဆုံးသွားပြီး အုပ်ချုပ်ရေးမှူးရဲ့ယာဉ်မောင်းကတော့ ဒဏ်ရာရရှိသွားပါတယ်။ သို့သော်လည်း အုပ်ချုပ်ရေးမှူးမှာ သေနတ်ပါလား၊ မပါဘူးလားဆိုတာကိုတော့ ရဲတပ်ဖွဲ့ကထုတ်ပြန်ထားခြင်းမရှိပါဘူး။

**Ref: ST**

## မြောက်ကိုရီးယားဆန့်ကျင်မှုကြားမှ တောင်ကိုရီးယားနဲ့ အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်မည်

**ဆိုးလ်၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက ဆန့်ကျင်နေတဲ့ကြားက တောင်ကိုရီးယားနဲ့ အမေရိကန်တပ်ဖွဲ့တွေဟာ လာမယ့် ဩဂုတ်လ ၁၇ ရက်ကနေ ၂၇ ရက်အထိ အကြီးစားပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်သွားမယ်လို့ တာဝန်ရှိသူများက ဩဂုတ်လ ၁၀ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။

နှစ်စဉ်ပြုလုပ်နေကျ Ulchi Freedom Shield (UFS) အမည်ရတဲ့ ဒီစစ်ရေးလေ့ကျင့်မှုမှာ ခေတ်သစ်စစ်ပွဲမှာသုံးစွဲမှုများလာတဲ့ ဒရုန်းတိုက်ခိုက်မှုတွေ၊ GPS လိုင်းတွေနှောင့်ယှက်ဖျက်ဆီးခြင်းကိုတုံ့ပြန်မှုတွေနဲ့ ဆိုက်ဘာလုံခြုံရေးကာကွယ်ရေးစနစ်တွေကို အဓိကထားပြီး လေ့ကျင့်သွားမှာပါ။ ဒီလေ့ကျင့်မှုမှာ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၁၈၀၀၀ နီးပါး ပါဝင်မှာဖြစ်ပြီး နိုင်ငံတော်အရေးပေါ် ပြင်ဆင်မှုလေ့ကျင့်ခန်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမေရိကန်နဲ့ တောင်ကိုရီးယားတို့က စစ်ရေးလေ့ကျင့်မှုကို ခုခံကာကွယ်ရေးသဘောသက်ရောက်တယ်လို့ပြောပေမယ့် မြောက်ကိုရီးယားဘက်ကတော့ ဒီလုပ်ရပ်တွေကို သူ့အပေါ် ရန်စတဲ့လုပ်ရပ်အဖြစ် အမြဲတမ်းကန့်ကွက်ခဲ့တာဖြစ်ပါတယ်။

“မြောက်ကိုရီးယားစစ်သည်တွေဟာ ယူကရိန်းစစ်ပွဲအတွင်းပါဝင်တိုက်ခိုက်ပြီး ရရှိတဲ့အတွေ့အကြုံတွေကို မြောက်ကိုရီးယားကိုပြန်လည်ယူဆောင်သွားတဲ့အတွက် စစ်ရေးစွမ်းရည်ပြောင်းလဲလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့လေ့ကျင့်မှုတွေကိုလည်း ကြိုတင်ပြင်ဆင်ထားတာပါ” လို့ မဟာမိတ်တပ်ဖွဲ့များစစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူကပြောထားတယ်လို့ သိရပါတယ်။

**Ref: ST**

◆ ကျောဖုံးမှအဆက်

ပိတ်မိနေသူများစွာရှိနေပြီး ဒဏ်ရာရသူများစွာလည်းရှိနေပါတယ်။ လျှော်မီးဗဟိုချက်က ဘိုဂိုတာမြို့အနောက်ဘက် မိုင် ၂၅၀ ခန့်အကွာ ချိုကိုဒေသရှိ လူဦးရေ ၄၈၀၀ ခန့်နေထိုင်ရာ ဆန်ဟိုဆေးဒယ်ပါမားရပ်ကွက်ရဲ့ မြေအောက်အနက် ၆၆ မိုင်မှာဖြစ်တယ်လို့ အမေရိကန်နဲ့ ကိုလံဘီယာ ဘူမိဗေဒတိုင်းတာရေးဌာနတို့က ထုတ်ပြန်ထားပါတယ်။

ငလျင်လှုပ်ခတ်မှုရဲ့အရှိန်ကို ကိုလံဘီယာရဲ့အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ အီကွေဒေါနဲ့ပနားမားနိုင်ငံတို့ကပါ ခံစားရတယ်လို့ဆိုပါတယ်။ အဲဒီနိုင်ငံတွေမှာတော့ အသေးစားထိခိုက်မှုတွေပဲရှိတယ်လို့ သိရပါတယ်။

အခုလိုငလျင်လှုပ်ခတ်မှုဟာ ပြီးခဲ့တဲ့ ၁၀ စုနှစ်တစ်ခုအတွင်း ကိုလံဘီယာနိုင်ငံအတွက် အားအပြင်းဆုံးငလျင်ဖြစ်တယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

**Ref: OPB**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း အတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့် လမ်းမများအမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၀

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့် လမ်းမများကို ခေတ်မီစက်ယန္တရားများအသုံးပြု၍ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် ပြုပြင်ဆောင်ရွက်နေမှု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆောက်လုပ်ရေးရိပ်သာ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနေအိမ် ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ပြုပြင်တည်ဆောက်မှုများတွင် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနပိုင် အဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များသည် မြို့နယ်ဥပဒေရုံးနှင့်မြို့နယ်လျှပ်စစ်ရုံးပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

▼ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သန့်ရှင်းရေးဆောင်ရွက်နေမှုများအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။







အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စာသင်ကျောင်းများအတွင်း တင်ကျန်ခဲ့သည့်နုန်းမြေများ၊ အမှိုက်များအား သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့်ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦး ဘတ်နှစ်သန်းလျော်ကြေးရရှိ

ရန်ကုန် ဩဂုတ် ၁၀

ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့်ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦးအတွက် ဘတ်နှစ်သန်းလျော်ကြေးရရှိခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှသိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မက္ကဆန်ဘူတာအနီး မီးရထားသံလမ်းကူးတွင် ခရီးသည်တင်ဘတ်စ်ကားနှင့် ရထားတို့တိုက်မိ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ကွယ်လွန်သွားခဲ့ရသူ မအေးအေးမြင့်၏ ကျန်ရစ်သူမိသားစုထံသို့ ထိုင်းနိုင်ငံ လူမှုဖူလုံရေးဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များရရှိစေရေး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၏ အလုပ်သမားသံအရာရှိရုံးက ကူညီဆောင်ရွက်ပေးခဲ့ပြီး မအေးအေးမြင့်၏ မိသားစုရသင့်ရထိုက်သည့် အကျိုးခံစားခွင့် ထိုင်းဘတ်ငွေနှစ်သန်းအား ဇူလိုင်လ ၁၅ ရက်တွင် ထုတ်ယူရရှိခဲ့ပြီးဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ဩဂုတ်လ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်




သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိုကျစွာသတင်းပေးပို့၍ အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်း သိရသည်။

MT

**▲ လဲချားမှအဆက်**

လုပ်ကိုင်နေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့များပါဝင်သော တပ်မတော်စစ်ကြောင်းများသည် လိုအပ်သည့် ရှာဖွေစိစစ်မှုများဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် လဲချားမြို့နယ်၊ ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၂၅၀၀ ခန့်သို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားအမျိုးသား ၁၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၅၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၅ ပေ ယာယီအလုပ်ရုံမိုးကာတဲ ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ ၁ လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေ ထမင်းချက်ဆောင် မိုးကာတဲ ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၅ ပေ ယာယီ လူနေမိုးကာတဲ ၁ လုံး၊ Star Link ၁၀ စုံ၊ Star Link ဗန်း ၂ ခု၊ Laptop ၂၅ လုံး၊ Power Station ၆ လုံး၊ Wifi U6 Pro ၆ ခု၊ Freezer (အလတ်) ၁ လုံး၊ ပလတ်စတစ်စားပွဲ၊

လဲချားမြို့နယ်၊ ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။







ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆီးဆောရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၁ ဦးတို့အားလည်းကောင်း၊ ဆီးဆောရွာ၏တောင်ဘက် မီတာ ၁၇၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆ ဦးကို လည်းကောင်း ခဲ့သည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လဲချားမြို့နယ်၊ ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရာတွင်အသုံးပြုသည့် ယာယီအဆောက်အအုံကို တွေ့ရစဉ်။





ယာယီလူနေမိုးကာတဲများကို တွေ့ရစဉ်။



ထမင်းချက်ဆောင်မိုးကာတဲကို တွေ့ရစဉ်။

ကုလားထိုင်များ၊ မီးစက် ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါနေရာတစ်ဝိုက်အား အသီးသီးထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးတို့အား ဖမ်းဆီးရမိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

တရားခံ မကြည်ကြည်အေး(ခ) ကြည်အေး(ခ) အမိုးနှင့် နန်းမြရင်(ခ)မအေးငြိမ်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။




**○ ကျောဖုံးမှအဆက်**

(၄င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅ ဘီလီယံ)အား HIJET မော်တော်ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို ချမ်းမြသာစည်မြို့နယ်၊ ၆၁(ဘီ)လမ်းနှင့် ၁၁၁ လမ်းထောင့်တွင် လွှဲပြောင်းပေးခဲ့သူ ကျောက်မဲမြို့နေ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ

ဖမ်းဆီးရမိ ဘိန်းဖြူများတင်ဆောင်ထားသည့် မော်တော်ယာဉ်အား တွေ့ရစဉ်။







လားရှိုးမြို့နယ်နေ အန်ဇန် (ဖမ်းဆီးရန်ကျန်) တို့ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းဆွေးနွေး



ပုသိမ် ဩဂုတ် ၁၀

ရေဘေးသင့်ဒေသများတွင် ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ စပါးပြန်လည်စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ခြင်း၊ စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေး၊ ကူညီပံ့ပိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကြိုတင်တွက်ချက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာကော်မတီများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာရှင်ပြည်သူများ လှူဒါန်းသည့် အလှူငွေများနှင့် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများကလှူဒါန်းသည့် ဆန်အိတ် ၂၀၀ ကိုလည်း လက်ခံရယူသည်။

ယင်းနောက် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ကျင်းပသည့် ရေကြည်မြို့နယ် ရေဘေးသင့်ပြည်သူများအား ပံ့ပိုးပေးအပ်ပွဲသို့တက်ရောက်၍ ရေဘေးအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ပံ့ပိုးပစ္စည်းများပေးအပ်ပြီး ရေကြည်မြို့ မြို့မရပ်ကွက် မိတ္ထီလာရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် မအူပင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့ရှောင်လမ်းရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားပြီး သက်ဆိုင်ရာဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မတ္တရာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များ၊ ဆေးဝါးများနှင့် ပံ့ပိုးငွေများပေးအပ်

မန္တလေး ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ဆည်တော်ကြီးရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြားခဲ့သည့်အတွက် ဆည်တော်ကြီးရေလှောင်တမံ ဘေးကင်းလုံခြုံမှုရှိစေရန် ပိုလျှံရေများကို ထိန်းညှိလျှော့ချခဲ့ရာ အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်အတွင်း ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု(မန္တလေး-မိုးကုတ်လမ်း) ပေါ်တွင် ရေကျော်ခြင်း၊ ကျောက်စရစ်ကုန်း(တောင်) ကျေးရွာတို့တွင် ရေဝင်ရောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ရေဝင်ရောက်ခဲ့သည့်ကျောက်စရစ်ကုန်း(တောင်) ကျေးရွာအုပ်စု ဇီးဖြူပင်ကုန်းကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ဒေသခံပြည်သူများစုပေါင်းကာ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီရွှေ့ပြောင်းခြင်းကို အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်စဉ် ကယ်ဆယ်ရေးစခန်း၌နေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့်ဆေးဝါးများလာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ လိုအပ်သောအသုံးအဆောင်ပစ္စည်းများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ ရေလွှမ်းခဲ့မှုကြောင့် ကျေးရွာအုပ်စု(၁၃)အုပ်စုမှ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးစပါး(၁၉၀၈)ဧက၊ အစေ့ထုတ်ပြောင်း (၅)ဧက၊ နေကြာ (၁၅)ဧက နှင့် ကွမ်းရွက်ခြံ (၁၂၀)ဧက ထိခိုက်ပျက်စီးခဲ့မှုအပေါ် စနစ်တကျစိစစ်၍ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်၏နောက်ဆက်တွဲ




ပါရှိလာတတ်သည့် ကျန်းမာရေးပြဿနာများကို အားလုံးအထူးသတိပြုရှောင်ရှားနေထိုင်သွားကြရန်အရေးကြီးကြောင်းနှင့် ရေများပြန်လည်ကျဆင်းသွားပါက နေရပ်များတွင်ပြန်လည်နေထိုင်နိုင်ရန်သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရေဘေးသင့်အိမ်ခြေ ၈၅ လုံးမှ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၂၈၅ ဦးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ပံ့ပိုးငွေများ ပေးအပ်ကြသည်။


ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများအတွင်း ရေများပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရေကျော်ခဲ့သည့်ကျောက်စရစ်ကုန်း(တောင်)ကျေးရွာ (မန္တလေး-မိုးကုတ်) ကားလမ်းပေါ်တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ အဆင်ပြေချောမွေ့စွာ၊ ဘေးကင်းလုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ချောင်းမကြီးချောင်းကိုဖြတ်၍တည်ဆောက်ထားသည့် တံငါတံတားကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ချောင်းမကြီးချောင်းအနီးဝန်းကျင်ရေဝင်ရောက်ခဲ့မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

| မှတ်သားဖွယ်ရာ မိုးရေချိန်များ | ၁၀-၈-၂၀၂၆ | | |
|---|---|---|---|
| ဝမ်းတွင်း | ၇ ဒသမ ၈၀ လက်မ | ကျောက်ဖြူ | ၄ ဒသမ ၅၇ လက်မ |
| ကျောက်ဆည် | ၅ ဒသမ ၉၄ လက်မ | ရွှာငံ | ၄ ဒသမ ၅၃ လက်မ |
| စဉ့်ကိုင် | ၅ ဒသမ ၀၈ လက်မ | ဒေးဒရဲ | ၄ ဒသမ ၄၃ လက်မ |
| မော်လမြိုင် | ၄ ဒသမ ၈၈ လက်မ | မြစ်ငယ် | ၄ ဒသမ ၃၃ လက်မ |
| | | ကွမ်းခြံကုန်း | ၃ ဒသမ ၈၆ လက်မ |

❖ **ကျောဖုံးမှအဆက်**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။




မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)


ဖြိုးဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
MOUNT PLEASANT COFFEE
2 plus 1
Black Coffee
PYIN OO LWIN
NAN MYAING
Nan Myaing
2+1 coffee
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

- စထရာဘော့အသင်းက ချယ်လ်ဆီးအသင်းမှ ဂိုးသမား ဂျော်ဂျင်ဆန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။
- ဖူလ်ဟမ်အသင်းက ဆောက်သမ်တန်အသင်းမှ ချာလက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီကို ခေါ်ယူနိုင်ရန်နီးစပ်နေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိရာ မန်စီးတီးအသင်းက ရိုဒရီ၏နေရာ၌ လီဗာပူးအသင်းမှ မက်အဲလက်စတာနှင့် အစားထိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။
- အက်စ်တွန်ဗီလာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား အင်းနရစ်ကို ကနဦးတစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုများလုပ်ဆောင်ထားကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက မန်စီးတီးအသင်းမှ တောင်ပံတိုက်စစ်ကစားသမား မာမွတ်ကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်း သတ်မှတ်ထားကာ ၎င်းကို နယူးကာဆယ်အသင်းအပြင် ဘာစီလိုနာအသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

## တူကီယဲနှင့် ဆော်ဒီလိဂ်တို့မှ ထိပ်တန်းအသင်းကြီးများ၏ ကမ်းလှမ်းမှုများကိုပယ်ချပြီး မန်ယူအသင်းနှင့်ရက်ရှ်ဖို့ဒ် ပြန်လည်ပူးပေါင်းရန်ဆုံးဖြတ်




မန်ချက်စတာ ဩဂုတ် ၁၀

မန်ယူအသင်း တောင်ပံတိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်က တူကီယဲနှင့် ဆော်ဒီလိဂ်တို့မှ ထိပ်တန်းအသင်းကြီးများ၏ ကမ်းလှမ်းမှုများကိုပယ်ချပြီး မန်ယူအသင်းနှင့်သာ ပြန်လည်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အစောပိုင်းနှစ်များက အသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ကာလရှည်ပါဝင်ကစားခဲ့သည်။

သို့သော် မန်ယူအသင်းကို နည်းပြဟောင်း အမိုရင် တာဝန်ယူကိုင်တွယ်စဉ်က ရက်ရှ်ဖို့ဒ်အနေဖြင့် ပွဲကစားခွင့်များ ပျောက်ဆုံးခဲ့ပြီး နည်းပြအမိုရင်နှင့်လည်း ဆက်ဆံရေးမပြေလည်မှုများရှိခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

ရက်ရှ်ဖို့ဒ်သည် အက်စ်တွန်ဗီလာအသင်း၌ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ရာသီအကုန်တွင် အက်စ်တွန်ဗီလာအသင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူခြင်းမရှိသည့်အတွက် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က မန်ယူအသင်းတွင် နည်းပြအမိုရင်ရှိနေသောကြောင့် တခြားအသင်းသို့သာ ဆက်လက်ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာတွင် ၁၄ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ပြီးနောက် ဘာစီလိုနာအသင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူလိုသော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေသည့်အတွက် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်ကို တူကီယဲနှင့် ဆော်ဒီလိဂ်တို့မှထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က ငြင်းပယ်ခဲ့ပြီး မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရန်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref:Fabrizio Romano**

## ရီးယဲလ်မက်ဒရစ်အသင်းနှင့် Emirates တို့ကြား ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်အဖြစ် တစ်နှစ်လျှင် ယူရို သန်း ၁၀၀ ဖြင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

မက်ဒရစ် ဩဂုတ် ၁၀

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကမ္ဘာ့ထိပ်တန်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် Emirates လေကြောင်းလိုင်းတို့ကြား ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်သစ်အဖြစ် တစ်နှစ်လျှင် ယူရို သန်း ၁၀၀ ဖြင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် Emirates လေကြောင်းလိုင်းတို့အနေဖြင့် ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်ကို ကာလရှည်ချုပ်ဆိုထားပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် နောက်ထပ် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခြင်းဖြစ်သည်။

ထိုသို့ ဂျာစီရင်ဘတ်စပွန်ဆာ စာချုပ်သစ်ချုပ်ဆိုရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့် Emirates လေကြောင်းလိုင်းတို့ကြား ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် တစ်နှစ်လျှင် ယူရို သန်း ၁၀၀ ဖြင့် ၂၀၃၁ ခုနှစ်အထိ စပွန်ဆာစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် စပိန်ဘောလုံးကလပ်အသင်းများတွင် တစ်နှစ်လျှင် ယူရို သန်း ၁၀၀ ရရှိသည့် ပထမဆုံးကလပ်အသင်းဖြစ်လာသည်။

Emirates လေကြောင်းလိုင်းသည် ပြီးခဲ့သည့်ရက်ပိုင်းကလည်း ဥရောပထိပ်တန်းကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့် ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်သက်တမ်းတိုးချုပ်ဆိုထားပြီး ယခုအခါ ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

Emirates လေကြောင်းလိုင်းသည် လက်ရှိဘောလုံးလောကတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့အပြင် ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် လိုင်ယွန်အသင်း၊ အေစီမီလန်အသင်း၊ ဘင်ဖီကာအသင်း စသည့်အသင်းများကိုလည်း ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်များ ချုပ်ဆိုထားကြောင်းနှင့် တခြားအားကစားလောကတွင်လည်း စပွန်ဆာစာချုပ်များ ချုပ်ဆိုထားကြောင်း သိရသည်။

**Ref:Top Skillsports UK**

## ဘာစီလိုနာအသင်းက စပိန်နှင့် မော်ရိုကိုနိုင်ငံတို့ နယ်စပ်ပြဿနာကြောင့် မော်ရိုကိုနိုင်ငံ ခြေစမ်းပွဲခရီးစဉ်ကို ဖျက်သိမ်း

ဘာစီလိုနာ ဩဂုတ် ၁၀

ဘာစီလိုနာအသင်းက လာမည့်ဘောလုံးရာသီသစ် မစတင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ်အဖြစ် မော်ရိုကိုနိုင်ငံသို့သွားရောက်ကာ ခြေစမ်းပွဲကစားရန်စီစဉ်ထားသော်လည်း စပိန်နှင့် မော်ရိုကိုနိုင်ငံတို့၏ နယ်စပ်ပြဿနာများကြောင့် ခရီးစဉ်ကို ဖျက်သိမ်းကြောင်း အတည်ပြုကြေညာခဲ့သည်။

ဘာစီလိုနာအသင်းသည် ဩဂုတ်လ ၁၅ ရက်တွင် မော်ရိုကိုနိုင်ငံသို့သွားရောက်ကာ ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်လုပ်ဆောင်ရန် စီစဉ်ထားသော်လည်း ယခုအခါ နှစ်နိုင်ငံနယ်စပ်ပြဿနာများကြောင့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စပိန်နိုင်ငံနှင့် မော်ရိုကိုနိုင်ငံ နယ်စပ်မြို့ဖြစ်သည့် စပိန်နိုင်ငံ စီယူတာမြို့အတွင်းသို့ မော်ရိုကိုနိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်သူထောင်ပေါင်းများစွာ ပင်လယ်ပြင်ဖြတ်ကျော်ဝင်ရောက်လာသဖြင့် အဆိုပါနယ်စပ်ဒေသ၌ စပိန်နိုင်ငံ တပ်ဖွဲ့ဝင်များက လုံခြုံရေးယူခဲ့ရပြီးနောက် နှစ်နိုင်ငံနယ်စပ်ကြား ဆက်ဆံရေးတင်းမာနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက မော်ရိုကိုနိုင်ငံခရီးစဉ်အတွင်း အင်္ဂလန်ချန်ပီယံရှစ်ကလပ် ပရပ်စတန်အသင်းနှင့် ခြေစမ်းပွဲကစားရန်စီစဉ်ထားသော်လည်း ယခုအခါ အဆိုပါခြေစမ်းပွဲခရီးစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

**Ref:Fabrizio Romano**



# MNL U -20 လူငယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၁၀

2026 MNL U–20 လူငယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)နောက်ဆုံးနေ့ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။



YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့် ဒဂုံစတားအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ပွဲတွင် မင်းမင်းခန့်က ပွဲကစားချိန် ၁၈ မိနစ်၊ ၂၃ မိနစ်နှင့် ၃၀ တို့တွင် ဒဂုံစတားအသင်းအတွက် တစ်ဦးတည်း သွင်းယူခဲ့ကာ စစ်ကိုင်းယူနိုက်တက်အသင်းအတွက်ချေပဂိုးကိုပွဲကစားချိန် ၄၁ မိနစ်တွင် ပိုင်သက်ဦးက ပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းပွဲအပြီးတွင် ဒဂုံစတားအသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင် ဒဂုံစတားအသင်း ဦးဆောင်ဂိုးထပ်မံရရှိရေးကြိုးစားခဲ့သလို စစ်ကိုင်းယူနိုက်တက်အသင်းကလည်း ချေပဂိုးရရှိရေး နှစ်ဖက်ကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ ပွဲကစားချိန် ၄၈ မိနစ်တွင် ညီနိုင်က ဒဂုံစတားအသင်းအတွက် စတုတ္ထဂိုးကိုသွင်းယူခဲ့သည်။ သူတစ်ပြန်ကိုယ်တစ်ပြန် ကစားရင်း ပွဲကစားချိန် ၆၁ မိနစ်တွင် ကျော်ဝင်းစိုးက စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဒုတိယချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်း ချေပဂိုးရရှိပြီးသိပ်မကြာဘဲ ပွဲကစားချိန် ၆၇ မိနစ်တွင် ဒဂုံစတားအသင်းအတွက် မင်းမင်းခန့်က ပဉ္စမဂိုးထပ်မံရရှိခဲ့ပြန်သည်။

လက်ကျန်ပွဲကစားချိန်များတွင် စစ်ကိုင်းယူနိုက်တက်အသင်းချေပဂိုးရရှိရေး အချိတ်အဆက်အပေးအယူမမိဖြင့် ပြိုင်ဘက်အသင်းကိုယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၆၉ မိနစ်နှင့် ၉၀+၂ မိနစ်တို့တွင် ပိုင်သက်ဦးက တတိယဂိုးနှင့် စတုတ္ထချေပဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ဒဂုံစတားအသင်းက ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရှမ်းယူနိုက်တက်အသင်းနှင့် GALAXY အသင်းတို့ပွဲတွင် အပြန်အလှန်ကစားခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့် ပွဲပြီးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်ဖက်အပြန်အလှန်ကစားရင်းပွဲကစားချိန် ၅၄ မိနစ်အရောက်တွင် ကောင်းခန့်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲကစားချိန်များတွင် နှစ်ဖက်အသင်းကစားသမားများ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ရှမ်းယူနိုက်တက်အသင်းက တစ်လုံးတည်းသောဂိုးဖြင့် GALAXY အသင်းကိုအနိုင်ရရှိသွားသည်။

ဝန်းရံ



# မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ISPE အသင်း ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်

ရန်ကုန် ဩဂုတ် ၁၀

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉) နောက်ဆုံးနေ့ပွဲစဉ် တစ်ပွဲဖြစ်သည့် YOUNG LIONESSES အသင်းနှင့် ISPE အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းကာ အနိုင်ရရှိသွားသည်။ ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ရာသီဝက်အပြီးတွင် ရှုံးပွဲမရှိသေးသည့် ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးတွင်ရှိပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့သည်။

ယနေ့ပွဲတွင် ISPE အသင်းသည်ဘောလုံးပိုင်ဆိုင်မှုယူကာ ခြေအသာဖြင့်ပွဲကို ဦးဆောင်ကစားခဲ့ရာ ပွဲကစားချိန် ၁၆ မိနစ်အရောက်တွင် သဉ္ဇာချိုပြန်ချပေးသည့် ဘောလုံးကို ကွင်းလယ်ကစားသမား မိုးမိုးသန်း ဂိုးဧရိယာပြင်ပကနေကန်သွင်းပြီး ဦးဆောင်ဂိုးရယူသွားသည်။

ဦးဆောင်ဂိုးရရှိပြီးနောက်တွင်လည်း ISPE အသင်းကပင် ပွဲကစားချိန်မိနစ် ၂၀ တွင် ဂိုးဧရိယာပြင်ပကနေ ဟန်မာန်စိုးက ဒုတိယဂိုး၊ ပွဲကစားချိန် ၂၅ မိနစ်တွင် လင်းမြင့်မိုရ်က တတိယဂိုး၊ ပွဲကစားချိန် ၃၂ မိနစ်တွင် ခင်မာလာထွန်းက စတုတ္ထဂိုးနှင့် ပွဲကစားချိန် ၃၈ မိနစ်တွင် လင်းမြင့်မိုရ်က ပဉ္စမမြောက်ဂိုးတို့ကို သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ISPE အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင်လည်း YOUNG LIONESSES အသင်း ချေပဂိုးထက် ဦးဆောင်ဂိုး ထပ်မပေးရရေး ရုန်းကန်ကစားခဲ့ပေမယ့် ပွဲစပြီးမကြာမီမှာပင် ISPE အသင်းအတွက် လင်းမြင့်မိုရ်က ဆဋ္ဌမဂိုး၊ အေးစန္ဒာဝင်းက သတ္တမဂိုး၊ မိုးမိုးသန်းက အဋ္ဌမဂိုးနှင့် နဝမဂိုး၊ ခင်မာလာထွန်းက ဒသမဂိုးတို့ကို ဆက်တိုက်ဆိုသလိုသွင်းယူခဲ့ပြီး YOUNG LIONESSES အသင်းကိုအနိုင်ရရှိသွားသည်။ ISPE အသင်းသည် လက်ရှိရာသီတွင် ရှုံးပွဲမရှိသေးသည့် အသင်းတစ်သင်းဖြစ်ပြီး သရေတစ်ပွဲသာရှိကာ ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိထားသလို လက်ရှိအမျိုးသမီးလိဂ်တွင် သွင်းဂိုးအများဆုံး သွင်းယူထားသည့် အသင်းတစ်သင်းလည်းဖြစ်သည်။

ထို့အတူ ပွဲစဉ်(၉)နောက်ဆုံးနေ့ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ပဒုမ္မာကွင်း၌ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက ပထမပိုင်းတွင် ဝေဖူးအိမ်ရဲ့ ဦးဆောင်ဂိုး၊ ဒုတိယပိုင်းတွင် မြတ်နိုးခင်ရဲ့ ဒုတိယဂိုးနှင့် တတိယဂိုးတို့ဖြင့် သုံးဂိုးပြတ်သွင်းကာ ရတနာပုံအသင်းကို အနိုင်ရရှိသွားသည်။

ဝန်းရံ

# တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၀

တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နေ အမျိုးသမီးနှစ်ဦးကို ၎င်းတို့နှင့် ခင်မင်ရင်းနှီးသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တဖန်းပင်ကျေးရွာအုပ်စုနေ အေးသီတာနှင့် ခိုင်မွန်းကျော်တို့သားအမိက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၂၀ ခန့်ရမည်၊ တရုတ်အမျိုးသားနှင့် တရားဝင်မင်္ဂလာဆောင်ပေး၍ တရားဝင်နေထိုင်နိုင်ရေးလုပ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် အေးသီတာက မူဆယ်မြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့ မရဲစခန်း(ပ) ၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ်လ ၇ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးသီတာကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခိုင်မွန်းကျော်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

➥ ကျောဖုံးမှအဆက်

ကျင်းပလျက်ရှိရာ ယနေ့တွင် ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထိုသို့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဩဂုတ်လ ၁၂ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

## “ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှ အညာ PDF များ”** ခေါင်းစဉ်ဖြင့် ၁၂-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိမိပိုင်
နိုင်ငံသားစိစစ်ရေးကတ်၊
Mobile SIM Card၊ Mobile
Payment Account၊
Bank Account များအား
မသက်ဆိုင်သူထံသို့
အခကြေးငွေဖြင့်
ရောင်းချခြင်း၊ ငှားရမ်း
အသုံးပြုစေခြင်းများ
ဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူ
ခံရနိုင်ပါသည်။

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

လမ်းသို့ရောက်လျှင် မောင်သက်ညွှန့်သည် ရှေးအခါကကဲ့သို့ မိန်းမတို့၏နားတွင် ကြား၍မငြီးနိုင်လောက်သောအသံဖြင့် စိတ်ပါဖွယ်ဖြစ်သော စကားတို့ကို ယဉ်ကျေးသိမ်မွေ့သောအမူအရာနှင့် ပြောဆိုပြီးလျှင် ခင်စိန်ကြည်လိုက်နိုင်လောက်ရုံသာလျှင် တဖြည်းဖြည်းလျှောက်၍ မီးထွန်းချိန်လောက်တွင် အိမ်သို့လိုက်၍ပို့လေ၏။ ဤသို့ တစ်နေ့မှ တစ်နေ့ ညနေတိုင်း လမ်းလျှောက်ကြရာ ၁၀ ရက်ခန့်မျှရှိလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွှန့်အား ရှေးအခါက နှစ်သက်ဖူးသည်မှုမက ယခုတစ်ဖန်လည်း မောင်သက်ညွှန့်နှင့်တွေ့ရလျှင် စိတ်နှလုံးနှစ်သိမ့်သည်အဖြစ်ကိုသိလျက်နှင့် အဘယ်ကြောင့် ညနေတိုင်း မောင်သက်ညွှန့်နှင့်အတူ လမ်းလျှောက်ရပါသနည်းဟု အပြစ်တင်ဖွယ်ရှိလေ၏။ မောင်သက်ညွှန့်သည် ခင်စိန်ကြည်၏စိတ်သဘောနှင့်တွေ့အောင် ကြိုးစားအားထုတ်သည်မှန်သော်လည်း မောင်သည် ချစ်ခင်သော နှမကလေးအား အရေးတယူပြုဘိသကဲ့သို့သာလျှင်ပြု၍ မောင်နှမကဲ့သို့ မအပ်စပ်သောစကားတို့ကို အလျှင်းမပြောသည်လည်း တစ်ကြောင်း၊ အထက်ကဖော်ပြခဲ့သည့်အတိုင်း ဆွေမျိုးနီးစပ်လည်းတော်သဖြင့် မိမိအား ဤကဲ့သို့ဂရုစိုက်သည်ကို မစိုက်ပါနှင့်ဟုပြောရန် ခဲယဉ်းသည်လည်းတစ်ကြောင်း၊ မိမိမှာလည်း မောင်ထွန်းမြတ်၏ဇနီးဖြစ်ပြီး၍ မိမိ၏စိတ်သည်လည်း ဘယ်နည်းနှင့်မျှ ဖောက်လှဲဖောက်ပြန်မရှိနိုင်ဟု ယုံကြည်သည်လည်းတစ်ကြောင်း၊ မိမိလာသည်မှာလည်း ကျန်းမာစေရန် လာသည်ဖြစ်၍ ဣရိယာပုတ်မျှတခြင်းအားဖြင့် အလျင်အမြန်ကျန်းမာခဲ့လျှင် မိမိ၏လင်သားနှင့်ကလေးများကို အလျင်အမြန်တွေ့ရချေမည်ဟု အောက်မေ့သောကြောင့်တစ်ကြောင်း ဖြစ်လေသည်။

ထို ၁၀ ရက်အတွင်းတွင် ခင်စိန်ကြည်မှာ များစွာသန်စွမ်းကျန်းမာလာ၍ မျက်ကွင်းညိုခြင်း၊ အသားအရေဖျော့တော့ခြင်း၊ တွေဝေထိုင်းမှိုင်းခြင်း စသည်တို့သည် ပျောက်ကင်းလျက် မျက်နှာသည်လည်း ပြည့်ဖြိုးရွှင်လန်းလာလေ၏။ ၁၁ ရက်မြောက်သည့်နေ့တွင် မောင်ထွန်းမြတ်လည်း အလည်လာမည်ဟု ကြေးနန်းရိုက်လိုက်ရာ ခင်စိန်ကြည်သည် မောင်သက်ညွှန့်နှင့် ဘူတာရုံသို့သွား၍ ကြိုလေ၏။

မောင်ထွန်းမြတ်သည် ရထားပေါ်မှအဆင်းတွင် ဘူတာရုံအနီး၌ ရပ်လျက်ရှိသော လူတစ်ယောက်နှင့် မိန်းမတစ်ယောက်ကိုမြင်လျှင် ရုတ်တရက် မမှတ်မိသဖြင့် "တယ်ချောတဲ့ ယောကျ်ားနဲ့ မိန်းမပါကလား" ဟု အောက်မေ့မိ၏။ အနီးသို့ရောက်၍ မိမိဇနီးဖြစ်ကြောင်းကိုသိလျှင် မောင်ထွန်းမြတ်သည် များစွာအားရဝမ်းသာရှိ၍ "အမယ်လေး ခင်ရယ် မှတ်တောင်မမှတ်မိဘူး၊ တယ်ဟန်ရပါကလား၊ ဘာများလုပ်လို့ ဒီလောက်တောင် မာလွယ်ရသတုံး၊ ပြောစမ်းပါဦး" ဟုပြော၍ ဇနီးအနီးတွင် ရပ်လျက်ရှိသော လူချောကိုလှမ်းကြည့်ရာ မြင်ဖူးပါသည်ဟု အောက်မေ့ဆဲတွင် ခင်စိန်ကြည်က "ကိုသက်ညွှန့်လေ ကျွန်မရေးလိုက်တဲ့စာထဲမှာ သူဒီမှာရှိတယ်လို့ ပါတယ်မဟုတ်ဘူးလား" ဟုပြော၍ မောင်ထွန်းမြတ်လည်း စဉ်းစားလျက်နေလျှင် မောင်သက်ညွှန့်က "ဟုတ်ပ့ါ၊ ကျွန်တော်လည်း ဒီမှာအလည်လာတဲ့အခိုက်နဲ့ အခန့်သင့်ကို ညနေတိုင်း ခင်လမ်းလျှောက်တိုင်း လိုက်ပို့ရပါသည်" ဟုပြောလျှင် မောင်ထွန်းမြတ်လည်း အလွန်တရာကျေးဇူးတင်ကြောင်းပြောလျက် အိမ်သို့သွားကြလေ၏။

**"ခင်စိန်ကြည်သည် မောင်သက်ညွှန့်ကိုမြင်ရသည့်အတွက်၊ ၎င်း၏အသံကို ကြားရသည့်အတွက် နှလုံးနှစ်သိမ့်ခြင်းဖြစ်သည်ကို သိရကား ဤသိသောအမူအရာသည် စိတ်၌ပင်ဖြစ်သည်မှန်သော်လည်း မိမိ၏ခင်ပွန်း မောင်ထွန်းမြတ်အား ပြစ်မှားဘိသကဲ့သို့ရှိလေတော့သည်ဟု အောက်မေ့၍ မိမိကိုယ်ကို အပြစ်တင်လျက် ဤသို့မဖြစ်ရန် ကြိုးစားရှာ၏။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည် မိမိအလိုတူ၍ ဖြစ်ရသည်မဟုတ်။ အလိုမတူသည့်အပြင် မှားကြောင်းကိုသိလျက်နှင့် အလိုလိုဖြစ်တတ်သောသဘောဖြစ်သောကြောင့် နှိမ်နင်း၍မရနိုင်ဘဲရှိလေ၏ . . ."**

အိမ်သို့ရောက်လျှင် မောင်သက်ညွှန့်သည်လည်း နှုတ်ဆက်၍ပြန်သွားရာ "ဘယ့်နှယ်လဲ ပြောစမ်းပါဦး ခင်ရဲ့၊ မာလွယ်လှချေကလား၊ ကျုပ်ဖြင့် ဒီလောက်ရက်နဲ့ ဒီလောက်ထူးတဲ့ဟာ ပြောလို့တောင်ယုံမယ် မဟုတ်ဘူး၊ တယ်ကောင်းတဲ့ မိတ္ထီလာပါကလား" ဟုပြောလျှင် ခင်စိန်ကြည်မှာ မိတ္ထီလာကောင်း၍မဟုတ်၊ တခြားအကြောင်းကြောင့်ဖြစ်သည်ဟု အောက်မေ့မိသောကြောင့် မျက်နှာပျက်၍ မိမိကိုယ်မိမိ စိတ်ဆိုးလျက် "ဘာကြောင့်လဲ မပြောတတ်ပါဘူးရှင်၊ ဒါနဲ့ ကလေးတွေအားလုံး မာကြရဲ့ရှင့်နော်၊ မေမေ့များ သတိမရကြပါရဲ့လား၊ ခင်မောင်ကလေးကကော ဘာများမှာလိုက်သေးသလဲ" ဟုမေးလျှင် မောင်ထွန်းမြတ်သည် ရယ်လျက် "တစ်နှစ်သားကလေးက ဘာမှာတတ်လိမ့်မလဲ ခင်ရယ်၊ ခင်မကြီးကဖြင့် မေမေ့လွမ်းလှပြီတဲ့ မှာလိုက်ရှာတယ်၊ သူတို့လွမ်းတာက ဘာဟုတ်သေးသလဲ ခင်ရယ်" စသည်ဖြင့် ရယ်မောပြောဆိုကာ နေကြလေ၏။

နောက်တစ်နေ့နံနက်၌ မောင်သက်ညွှန့်သည် အိမ်သို့လာ၍ မောင်ထွန်းမြတ်၊ မောင်ဘစံတို့နှင့် အရပ်ရပ်သတင်းတို့ကို ပြောဆိုရယ်မောလျက်နေကြ၍ နာရီဝက်ခန့်ရှိလျှင် မောင်ထွန်းမြတ်သည် ဤသူကား အလွန်စကားပြောကောင်း၍ လူမှုလူရေး၌လည်း ကျွမ်းကျင်ဟန်လက္ခဏာရှိသည်ဟု အောက်မေ့မိ၏။ မောင်ထွန်းမြတ်လည်း မိမိမရှိသည့်အခါ၌ မိမိ၏ဇနီးကို ဆွေမျိုးနီးစပ်တော်ကာမျှနှင့် ဤမျှလောက် စောင့်ရှောက်ပေးသည့်အကြောင်းကိုသိ၍ များစွာကျေးဇူးတင်သည်နှင့် မန္တလေးသို့အလည်လာဖြစ်ခဲ့ပါလျှင် မိမိအိမ်၌ တည်းခိုပါဟု ပင့်ဖိတ်လေ၏။

ထိုကဲ့သို့ ယောကျ်ားသုံးဦးတို့သည် ဧည့်ခံခန်းတွင် စကားပြောလျက်နေကြစဉ် ခင်စိန်ကြည်မှာ မိမိအခန်းပြတင်းပေါက်တွင်ထိုင်လျက် လမ်းသွားလမ်းလာတို့ငေး၍ ကြည့်နေရင်း မိမိ၏အဖြစ်အပျက်ကို စဉ်းစား၍ နေလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွှန့်ကို မြင်ရသည့်အတွက်၊ ၎င်း၏အသံကို ကြားရသည့်အတွက် နှလုံးနှစ်သိမ့်ခြင်းဖြစ်သည်ကို သိရကား ဤသိသောအမူအရာသည် စိတ်၌ပင်ဖြစ်သည်မှန်သော်လည်း မိမိ၏ခင်ပွန်း မောင်ထွန်းမြတ်အား ပြစ်မှားဘိသကဲ့သို့ ရှိလေတော့သည်ဟု အောက်မေ့၍ မိမိကိုယ်ကို အပြစ်တင်လျက် ဤသို့မဖြစ်ရန် ကြိုးစားရှာ၏။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည် မိမိအလိုတူ၍ ဖြစ်ရသည်မဟုတ်။ အလိုမတူသည့်အပြင် မှားကြောင်းကိုသိလျက်နှင့် အလိုလိုဖြစ်တတ်သောသဘောဖြစ်သောကြောင့် နှိမ်နင်း၍မရနိုင်ဘဲ ရှိလေ၏။

သို့ရာတွင် ခင်စိန်ကြည်မှာ ဇနီး၏ဝတ္တရားကိုမေ့လျော့၍ မောင်သက်ညွှန့်နှင့် ဖောက်လှဲဖောက်ပြန် ကြံစည်မိချေတော့မည်ဟူ၍ကား အလျှင်းစိုးရိမ်ခြင်းမရှိပေ။ မောင်သက်ညွှန့်ကိုမြင်၍ မောင်သက်ညွှန့်အသံကို ကြားရသောအခါ၌ စိတ်နှလုံးတုန်လှုပ်၍ ဝမ်းသာဘိသကဲ့သို့ဖြစ်သည်ကိုပင်လျှင် မခံချင်သောစိတ်သဘောရှိပေ၏။

မောင်သက်ညွှန့်ပြန်သွား၍ မောင်ဘစံလည်း ရုံးသို့သွားလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်ရှိရာသို့ ထွက်လာ၍ "ခင် တစ်ခုခွင့်တောင်းပါရစေ မောင်၊ ခင်တောင်းတာ ခွင့်ပြုမယ်လို့ မောင်ကတိပေးမှာလား"

"ဘာတောင်းချင်သလဲခင် ပြောပါ"

"ဒီလိုနဲ့မပြောဘူး ကတိထားမှပြောမယ်"

"မောင် တတ်နိုင်တဲ့ဟာဖြင့် ခွင့်ပြုမယ် ပြောသာပြောပါ"

"ခင် ဒီမှာနေရသမျှကာလပတ်လုံး မောင်နဲ့အတူတူနေပါရစေ၊ မောင်မပြန်ပါနဲ့တော့" ဟုပြောလျှင် မောင်ထွန်းမြတ်သည် အံ့သြသောမျက်နှာထားနှင့်ကြည့်လျက် "ဒီလိုတော့ ဘယ်ဖြစ်နိုင်မလဲ ခင်၊ မောင့်မှာ အမှုရက်ချိန်းတွေကလည်းရှိတယ်"

"ရှိကြီးခိုးပါရဲ့ မောင်ရယ်၊ မောင် မပြန်ပါနဲ့တော့"

"နေလို့ဖြစ်ရင်လည်း နေချင်ပါတယ် ခင်ရယ်၊ အခုတော့ မဖြစ်နိုင်လို့ပါ၊ ခင်လည်း အသိသားပဲ၊ ဒီတစ်ရက်နှစ်ရက်ကလေးလာတာတောင် အင်မတန်ကြံဖန်လာရပါတယ်"

**ဆက်လက်ဖော်ပြပါမည်။**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုးညှင်း ဩဂုတ် ၁၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးညှင်းမြို့နယ် ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၉ ရက်က ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့်စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းချေးငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးကြသည်။

ပင်ရဲလှကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူလေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးအတွက် ငွေကျပ် ၄၇၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ချစ်ဦးကို

## VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ပုံစံဖြည့်သွင်းနည်းသင်တန်းဖွင့်လှစ်

ဇလွန် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) ပုံစံဖြည့်သွင်းနည်းသင်တန်းကို ဩဂုတ်လ ၉ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲရာတွင် ပါဝင်ရမည့်အချက်အလက်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်း၊ ဦးစားပေးလုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းနည်း စသည့်သင်ခန်းစာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသင်ကြားပို့ချကြသည်။



အဆိုပါသင်တန်းသို့ ဇလွန်မြို့နယ်၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေတောင်စုကျေးရွာ၊ ညောင်အိုင်ကြီးကျေးရွာ၊ အုန်းတောကျေးရွာ၊ မဲဇလီကုန်းကျေးရွာ၊ မီးလောင်ကုန်းကျေးရွာနှင့် ဝါးချောင်းကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သော်ဇင်ထူး

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၉ ရွာ၊ ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာ ၆ ရွာ၊ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၉ ခုနှင့်ကျေးရွာ ၁၈၃ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊

စာမျက်နှာ ၂၄ ကော်လံ ၁ ▼

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး စာ – ၁၁ သို့

## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ်လ ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စာမျက်နှာ ၂၆ ကော်လံ ၁ ❖



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

အားကစားရေးရာဝန်ကြီးဌာနအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌

စာမျက်နှာ ၂၉ ကော်လံ ၁ ➥

## လဲချားမြို့နယ်၊ ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ


နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ

စာမျက်နှာ ၂၅ ကော်လံ ၁ ▲

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ဆီးဆောကျေးရွာအနီးတွင် တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။




**ဖောင်ပိတ်သတင်း**

## ကိုလံဘီယာမှာ အင်အားပြင်းလျှော်လုပ်မှုကြောင့် လူ ၇၇ ဦးသေဆုံး



ဘိုဂိုတာ၊ သဘာဝဘေး

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းမှာ ဩဂုတ်လ ၁၀ ရက်က ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် လက်ရှိအချိန်အထိ အနည်းဆုံးလူ ၇၇ ဦးသေဆုံးထားတယ်လို့ သိရပါတယ်။

ဒါ့အပြင် ငလျင်ဒဏ်ကြောင့် အပျက်အစီးတွေအောက်မှာ စာမျက်နှာ ၂၃ ကော်လံ ၄ ◆

## ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၃ ရက်နေ့ ည ၈ နာရီခွဲအချိန် သတင်းအရ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၁၀၇(F)လမ်း၊ ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ မကြည်ကြည်အေး(ခ)မကြည်အေး(ခ)အမိုးနှင့် နန်းမြရင် (ခ)မအေးငြိမ်းတို့ ၂ ဦးအား ရောင်စုံပလတ်စတစ်ဆပ်ပြာခွက် ၆၆၀၀ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၅၉ ဒသမ ၄ ကီလို စာမျက်နှာ ၂၅ ကော်လံ ၁ ○

အဆိုးရွားဆုံးပုံစံခိုင်းစေခံရသည့် ကလေးအလုပ်သမားများ တွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line Phone No. 1566 သို့ ဆက်သွယ်သတင်းပို့ရမည် စာ – ၃ သို့

..................

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ISPE အသင်း ရာသီဝက်ချန်ပီယံ အဖြစ်ရပ်တည် စာ – ၂၉ သို့